# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

## မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)

၁၃၈၆ ခုနှစ်၊ ဝါခေါင်လကွယ်နေ့ | ၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၂ ရက်၊ တနင်္လာနေ့ | အတွဲ (၆၃)၊ အမှတ်(၃၃၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင်အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## တစ်နိုင်ငံလုံးရဲ့ စာရင်းအင်းဆိုင်ရာ ကိန်းဂဏန်းအချက်အလက်တွေ တိတိကျကျ မှန်မှန်ကန်ကန်ရရှိနိုင်ရေးဟာ အလွန်ပဲအရေးကြီး

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းအထိမ်းအမှတ် ပြည်သူသို့ ပြောကြားသည့် ဗီဒီယိုမိန့်ခွန်း

(၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်)

ချစ်ကြည်လေးစားရပါသော မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသား မိဘပြည်သူများ၊ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး ကောင်းကျိုးမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံကြပါစေ၊ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ဆယ်နှစ်တစ်ကြိမ် ကောက်ယူရတဲ့ လူဦးရေနဲ့ အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို လာမယ့် အောက်တိုဘာလ ၁ ရက်နေ့ကနေ ၁၅ ရက်နေ့အထိ နိုင်ငံတစ်ဝန်းလုံးမှာ တစ်ပြိုင်တည်း ကောက်ယူတော့မှာဖြစ်ပါတယ်။ ဒီကနေ့ကစပြီး ရေတွက်ကြည့်ရင် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းစဉ်ကို စတင်ဖို့ ရက်ပေါင်း (၃၀)သာ လိုပါတော့တယ်။

သန်းခေါင်စာရင်းဆိုတာကတော့ လူဦးရေဆိုင်ရာ အကြောင်းအရာ၊ စီးပွားရေး၊ လူမှုရေးအကြောင်းအရာတွေကို တစ်နိုင်ငံလုံး၊ ဒါမှမဟုတ် သတ်မှတ်နယ်မြေဒေသတစ်ခုမှာ လူတိုင်းကို တစ်ကြိမ်တည်း၊ တစ်ပြိုင်တည်း ကောက်ယူတဲ့ လုပ်ငန်းပဲဖြစ်ပါတယ်။

သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းဟာ အလွန်ကျယ်ပြန့်ပြီး လုပ်ငန်းပမာဏကြီးမားရုံသာမက ငွေကုန်ကြေးကျလည်း တော်တော်များပါတယ်၊ ကမ္ဘာ့နိုင်ငံအများစုမှာ ဆယ်နှစ်လျှင် တစ်ကြိမ်သာ ကောက်ယူတာကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။ သန်းခေါင်စာရင်းလုပ်ငန်းဟာ လူတစ်ဦးချင်းစီနဲ့ သက်ဆိုင်ပြီး မဖြစ်မနေဆောင်ရွက်ဖို့ လိုအပ်တာကြောင့် မှတ်ပုံတင်စာရင်းအင်းအချက်အလက်တွေ ပြည့်စုံတဲ့

*စာမျက်နှာ ၃ ကော်လံ ၁* ❑

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားတွေ့ဆုံ၍ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြား

နေပြည်တော် စက်တင်ဘာ ၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ဗိုလ်ချုပ်ကြီး ညိုစော၊

*စာမျက်နှာ ၄ ကော်လံ ၁* ❍




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအားတွေ့ဆုံ၍ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

**ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ၂၈ ရက်သာ လိုတော့သည်။**

# စာရင်းအင်းအချက်အလက်တွေဟာ နိုင်ငံတစ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို ထင်ဟပ်ဖော်ပြနေတာဖြစ်လို့ နိုင်ငံရဲ့ ကြေးမုံပြင်လို့လည်း တင်စားလေ့ရှိပါတယ်

❑ *ရှေ့ဖုံးမှ*

ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာတောင် သန်းခေါင်စာရင်းကို ပုံမှန်ကောက်ယူနေကြတာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအပြီး (၁၀)နှစ်အကြာ ယခု ၂၀၂၄ ခုနှစ်မှာ သန်းခေါင်စာရင်းကို နောက်တစ်ကြိမ်ကောက်ယူဖို့ အချိန်ကျရောက်လာပြီ ဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတော်ရဲ့လက်ရှိနဲ့ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှု စီမံဆောင်ရွက်နိုင်ရေးအတွက် တိကျမှန်ကန်တဲ့ လူဦးရေဆိုင်ရာ ကိန်းဂဏန်းတွေ အမှန်တကယ်ရရှိဖို့ လိုအပ်တယ်ဆိုတဲ့အချက်ကြောင့် သန်းခေါင်စာရင်းကောက်ယူဖို့ ဆုံးဖြတ်ခဲ့ရတာလည်းဖြစ်ပါတယ်။

ကျွန်တော်တို့ အစိုးရအနေနဲ့ နိုင်ငံတစ်ဝန်းမှာ ဆောင်ရွက်တော့မယ့် လူဦးရေနဲ့ အိမ်အကြောင်းအရာ သန်းခေါင်စာရင်းလုပ်ငန်းစဉ်ကို နိုင်ငံတကာစံချိန်စံညွှန်းများနဲ့အညီ ကောက်ယူနိုင်ဖို့ စီမံဆောင်ရွက်လျက်ရှိနေပါတယ်။ ကြိုတင်ပြင်ဆင်တဲ့ လုပ်ငန်းအဆင့်ဆင့်ကိုလည်း လွန်ခဲ့တဲ့ နှစ်တွေကစပြီး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လာတာ လက်ရှိအခြေအနေမှာ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူဖို့ အဆင်သင့်ဖြစ်နေပြီ ဖြစ်ပါတယ်။

သန်းခေါင်စာရင်းကရရှိလာတဲ့ အချက်အလက်တွေဟာ လူဦးရေစုစုပေါင်းကိုသာ ဖော်ပြတာမဟုတ်ဘဲ နိုင်ငံအတွင်းမှာရှိနေတဲ့သူတွေရဲ့ အသက်အပိုင်းအခြားအလိုက်၊ ကျား၊ မ အလိုက် လူဦးရေတွေကို ရရှိနိုင်သလို လူမှုစီးပွားရေးဆိုင်ရာ ကဏ္ဍအားလုံးနဲ့ သက်ဆိုင်တဲ့ အချက်အလက်တွေ၊ အိမ်အကြောင်းအရာတွေကိုလည်း ရရှိနိုင်မှာဖြစ်လို့ အလွန်အရေးကြီးတဲ့ လုပ်ငန်းစဉ်လို့ ဆိုနိုင်ပါတယ်။ ဒီလုပ်ငန်းစဉ်ကနေ ကျွန်တော်တိုနိုင်ငံရဲ့ လူဦးရေအခြေအနေတွေ၊ နေထိုင်မှုပုံစံတွေကို တိတိကျကျ သိရှိနိုင်မှာဖြစ်လို့ ဒီအချက်အလက်တွေကို အသုံးပြုပြီးတော့မှ နိုင်ငံရဲ့အမျိုးသားအကျိုးစီးပွားကို ပိုမိုထိရောက်စွာ စီမံဆောင်ရွက်အကောင်အထည်ဖော်နိုင်မှာလည်း ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ အခြားနိုင်ငံများနဲ့မတူဘဲ တစ်မူထူးခြားတဲ့ ရေမြေတောတောင် သဘာဝအလှအပတွေ၊ သဘာဝသယံဇာတတွေနဲ့ ကြွယ်ဝပြည့်စုံနေသလို မတူကွဲပြားခြားနားတဲ့ တိုင်းရင်းသားလူမျိုးစုတွေ၊ ယဉ်ကျေးမှုဓလေ့ထုံးစံတွေ၊ ဘာသာစကားတွေနဲ့ ညီညွတ်စွာ ပေါင်းစပ်စုစည်းထားတဲ့ ပြည်ထောင်စုနိုင်ငံတော်ကြီးလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံသူနိုင်ငံသားတွေအနေနဲ့ ပြည်ထောင်စုစိတ်ဓာတ် အစဉ်ရှင်သန်ခိုင်မာနေစေဖို့၊ ကျွန်တော်တို့နိုင်ငံအကြောင်းကို ပိုမိုသိရှိဖို့ လိုအပ်သလို မတူကွဲပြားမှုတွေကိုလည်း ညှိနှိုင်းပေါင်းစပ်ပြီး နိုင်ငံ့အတွက် ကောင်းကျိုးရအောင် စီမံဆောင်ရွက်သွားကြဖို့လည်း လိုအပ်မှာဖြစ်ပါတယ်။

**ချစ်ကြည်လေးစားရပါသော မြန်မာနိုင်ငံသူ နိုင်ငံသားများခင်ဗျာ**

နိုင်ငံတစ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို လေ့လာမယ်ဆိုရင် အဲဒီနိုင်ငံက ထုတ်ပြန်တဲ့ လူဦးရေနဲ့ လူမှုစီးပွားဆိုင်ရာ စာရင်းအင်းအချက်အလက်တွေကို ဆန်းစစ်လေ့လာခြင်းဖြင့် သိရှိနိုင်ပါတယ်။ ဒါ့ကြောင့်လည်း တစ်နိုင်ငံလုံးရဲ့ စာရင်းအင်းဆိုင်ရာ ကိန်းဂဏန်းအချက်အလက်တွေ တိတိကျကျ မှန်မှန်ကန်ကန်ရရှိနိုင်ရေးဟာ အလွန်ပဲအရေးကြီးပါတယ်။ စာရင်းအင်းအချက်အလက်တွေဟာ နိုင်ငံတစ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို ထင်ဟပ်ဖော်ပြနေတာဖြစ်လို့ နိုင်ငံရဲ့ ကြေးမုံပြင်လို့လည်း တင်စားလေ့ရှိပါတယ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းအထိမ်းအမှတ် ပြည်သူသို့ မိန့်ခွန်းပြောကြားစဉ်။

နိုင်ငံတစ်နိုင်ငံရဲ့ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်တွေကို ကဏ္ဍအလိုက် အချိုးညီညီ ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့ မူဝါဒချမှတ်တာတွေ၊ စီမံကိန်းရေးဆွဲအကောင်အထည်ဖော်တာတွေ စတဲ့လုပ်ငန်းတွေ ဆောင်ရွက်ရာမှာ အခြေခံအဖြစ် အသုံးပြုရတဲ့ လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်တွေကို သန်းခေါင်စာရင်းမှသာ ရရှိနိုင်မှာလည်း ဖြစ်ပါတယ်။

သန်းခေါင်စာရင်းက ရရှိလာတဲ့ အချက်အလက်တွေဟာ အုပ်ချုပ်မှုနဲ့ စီမံခန့်ခွဲမှုနယ်ပယ်အဆင့်တိုင်းအတွက် ထိရောက်တဲ့ ဖွံ့ဖြိုးမှုစီမံကိန်းတွေ ရေးဆွဲနိုင်ဖို့နဲ့ အထောက်အထား အခြေပြုဆုံးဖြတ်ချက်တွေ ချမှတ်ရာမှာ မရှိမဖြစ်လိုအပ်ပါတယ်။ နိုင်ငံမှာ သယံဇာတရင်းမြစ်တွေ ခွဲဝေသတ်မှတ်တာတွေ၊ ဘဏ္ဍာငွေ ခွဲဝေချမှတ်တာတွေ၊ နယ်မြေ ဧရိယာနယ်နိမိတ်တွေကို ပြန်လည်ဆန်းစစ်တာတွေကလည်း လူဦးရေပေါ်မှာပဲ အခြေခံရတာဖြစ်ပါတယ်။

စာသင်ကျောင်း၊ ဆေးရုံနဲ့ ကျန်းမာရေးဌာနတွေ၊ လမ်း၊ တံတားတွေ စတဲ့အခြေခံအဆောက်အအုံတွေ တည်ဆောက်ပေးခြင်းနဲ့ သုတေသနလုပ်ငန်းတွေမှာလည်း သန်းခေါင်စာရင်းက ရရှိလာတဲ့ အချက်အလက်တွေကို လေ့လာဆန်းစစ်အသုံးပြုနိုင်မှာဖြစ်လို့ နိုင်ငံတော်အတွက် များစွာအသုံးဝင်ကြောင်းနဲ့ အရေးကြီးကြောင်း ပြောကြားလိုပါတယ်။

ဒါ့အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ အန္တိမရည်မှန်းချက်ဖြစ်တဲ့ လွတ်လပ်ပြီးတရားမျှတတဲ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ဖို့အတွက် အခြေခံလိုအပ်ချက်ဖြစ်တဲ့ မဲစာရင်းတိကျမှန်ကန်စေရေး လုပ်ဆောင်ရာမှာလည်း အသုံးပြုနိုင်မှာလည်း ဖြစ်ပါတယ်။

ဒါ့အပြင် သန်းခေါင်စာရင်းအချက်အလက်တွေဟာ ကုလသမဂ္ဂရဲ့ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီတဲ့ ဖွံ့ဖြိုးမှုပန်းတိုင် (Sustainable Development Goals – SDGs) နဲ့ မြန်မာနိုင်ငံရဲ့ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan – MSDP) စတဲ့ပြည်တွင်း ပြည်ပ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအစီအစဉ်တွေ ဆောင်ရွက်ချက်တွေကို ဆန်းစစ်လေ့လာရာမှာလည်း အထောက်အကူဖြစ်စေမှာ ဖြစ်ပါတယ်။

သန်းခေါင်စာရင်းကရရှိတဲ့ ကိန်းဂဏန်းတွေဟာ ကျွန်တော်တို့ အစိုးရလက်ထက်သာမက နောင်အစိုးရအဆက်ဆက်ထိ လက်ဆင့်ကမ်း အမွေပေးရမယ့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်တွေဖြစ်တယ်လို့လည်း ဆိုရမှာဖြစ်ပါတယ်။ ဒီလိုတန်ဖိုးမဖြတ်နိုင်တဲ့ အချက်အလက်တွေကို မှန်မှန်ကန်ကန် ဖော်ထုတ်နိုင်ဖို့ နိုင်ငံတွင်းနေထိုင်ကြသူအားလုံးကို လူဦးရေနဲ့ အိမ်အကြောင်းအရာဆိုင်ရာ မေးခွန်းတွေ မေးမြန်းကောက်ယူသွားမှာလည်း ဖြစ်ပါတယ်။

ဒီနေရာမှာ အရေးကြီးဆုံးကတော့ မေးခွန်းတွေကို မှန်မှန်ကန်ကန် ပြည့်ပြည့်စုံစုံ ဖြေဆိုပေးကြဖို့လိုအပ်ပြီး မိမိအတွက်၊ မိမိ မိသားစုအတွက်၊ မိမိသားစဉ်မြေးဆက်အတွက်၊ နိုင်ငံတော်အတွက် အနည်းဆုံး (၁၀)နှစ်စာ စီမံဆောင်ရွက်နိုင်တဲ့ အခြေခံအချက်အလက်များ ရရှိစေနိုင်မယ့် အကျိုးရှိတဲ့လုပ်ငန်းစဉ်တစ်ရပ်ကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောလိုပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်ရဲ့ အနာဂတ်၊ ပြည်သူတွေရဲ့ မျှော်လင့်ချက်၊ လိုအပ်ချက်တွေကို ပုံဖော်ပေးနိုင်ဖို့ အခုဆောင်ရွက်မယ့် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကြီးမှာ မှန်မှန်ကန်ကန် ဖြေကြားခြင်းဖြင့် ပူးပေါင်းပါဝင်ကြဖို့ ထပ်လောင်းအသိပေးလိုပါတယ်။

**ချစ်ကြည်လေးစားရပါသော တိုင်းရင်းသားပြည်သူများခင်ဗျာ**

ကမ္ဘာပေါ်မှာ ဘယ်လုပ်ငန်းမဆို ကန့်သတ်ချက်တစ်စုံတစ်ရာကြောင့် အားလုံးနဲ့မသက်ဆိုင်ပေမယ့် ဒီနေ့ကမ္ဘာမှာ လူမျိုး၊ ဘာသာ၊ အသက်အရွယ်၊ ကျား၊ မ မရွေး အားလုံးပါဝင်ခွင့်ရှိတဲ့ တစ်ခုတည်းသော လုပ်ငန်းစဉ်ကတော့ သန်းခေါင်စာရင်းလုပ်ငန်းစဉ်လို့ ဆိုရမှာ ဖြစ်ပါတယ်။ သန်းခေါင်စာရင်းရလဒ်ဟာ နိုင်ငံအတွက် အရေးပါတဲ့ အချက်အလက်များဖြစ်သလို မိမိတို့တစ်ဦးချင်းအတွက်လည်း အကျိုးကျေးဇူးရရှိစေမှာလည်းဖြစ်ပါတယ်။ *စာမျက်နှာ ၄ သို့*

- **ကမ္ဘာပေါ်မှာ ဘယ်လုပ်ငန်းမဆို ကန့်သတ်ချက်တစ်စုံတစ်ရာကြောင့် အားလုံးနဲ့မသက်ဆိုင်ပေမယ့် ဒီနေ့ကမ္ဘာမှာ လူမျိုး၊ ဘာသာ၊ အသက်အရွယ်၊ ကျား၊ မ မရွေး အားလုံးပါဝင်ခွင့်ရှိတဲ့ တစ်ခုတည်းသော လုပ်ငန်းစဉ်ကတော့ သန်းခေါင်စာရင်းလုပ်ငန်းစဉ်လို့ ဆိုရမှာဖြစ်။ သန်းခေါင်စာရင်းရလဒ်ဟာ နိုင်ငံအတွက် အရေးပါတဲ့အချက်အလက်များဖြစ်သလို မိမိတို့တစ်ဦးချင်းအတွက်လည်း အကျိုးကျေးဇူးရရှိစေမှာလည်းဖြစ်**
- **ဒါ့ကြောင့် လက်ဝယ်ရရှိနေတဲ့ အခွင့်အရေးကြီးကို ပြည့်ပြည့်ဝဝ ရရှိခံစားနိုင်ဖို့အတွက် သန်းခေါင်စာရင်းကို လူတိုင်းအကောက်ခံကြဖို့လည်း လိုအပ်၊ လူတိုင်းပါဝင်ကြဖို့လည်း လိုအပ်။ အိမ်ထောင်စုအဖွဲ့အစည်းတိုင်းအတွက် စာရင်းကောက်တွေက အိမ်တိုင်ရာရောက် လာရောက်မေးမြန်းမယ့် မေးခွန်းတိုင်းအပေါ်မှာ သံသယစိတ်၊ စိုးရိမ်ကြောင့်ကြစိတ်များ ကင်းစွာနဲ့ နောင်အနာဂတ်မျိုးဆက်သစ်တွေအကျိုးအတွက် အမှန်ကို အမှန်အတိုင်း အမှားအယွင်းမရှိအောင် ယုံယုံကြည်ကြည် ဖြေကြားကြဖို့ လိုအပ်**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြစဉ်။

○ ရှေ့ဖုံးမှ

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုများအား အသီးသီးရှင်းလင်းတင်ပြ**

ဦးစွာ တိုင်းဒေသကြီးနှင့်ပြည်နယ် ဝန်ကြီးချုပ်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဒေသဆိုင်ရာအချက်အလက်များ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုနှင့် ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်မှု၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ စက်မှုဇုန်များအလိုက် ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ ကျန်းမာရေး၊ ပညာရေးနှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူမှုလုပ်ငန်း အောင်မြင်စေရေး ဆောင်ရွက်လျက်ရှိမှုနှင့် ဒေသအလိုက် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများအား ရှင်းလင်းတင်ပြကြသည်။

**တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေး**

ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးများက မိုးရာသီကာလအတွင်း ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် လမ်း၊ တံတားများ ပြန်လည်ပြင်ဆင်ပေးသွားမည်ဖြစ်သည့်အခြေအနေများ၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ မျိုးကောင်းမျိုးသန့်များ ရရှိရေးဆောင်ရွက်ပေးလျက်ရှိမှု၊ မြေပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်မှုနှင့် ပိုးသတ်ဆေးများကို စနစ်တကျသုံးစွဲရန်လိုအပ်မှု၊ စိုက်ပျိုးရေများကို အကျိုးရှိစွာအသုံးချနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ တောင်သူလယ်သမားများ စိုက်ပျိုးရေးအသိပညာများ သိရှိစေရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ ရေနစ်မြုပ်မှု ဖြစ်ပွားခဲ့သည့် စပါးစိုက်ခင်းများအတွက် မျိုးစပါးများ ပံ့ပိုးပေးနိုင်မှု၊ မွေးမြူရေးလုပ်ငန်းနှင့် ပတ်သက်၍ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ ဥစားကြက်၊ အသားစားကြက်နှင့် နို့စားနွားများ တိုးချဲ့မွေးမြူနိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှုနှင့် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များရရှိစေရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ပြန်လည်ဆွေးနွေးပြောကြားကြသည်။

**ဖြည့်စွက်ဆွေးနွေး**

ရှင်းလင်းတင်ပြမှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လမ်းမကြီးများနှင့်ပတ်သက်၍ လမ်းမကြီးများဥပဒေနှင့်အညီ လမ်းဇရိယာ၊ လမ်းနယ်များ သတ်မှတ်ပေးထားပြီးဖြစ်ကြောင်း၊ လမ်းမကြီးများဥပဒေနှင့် သတ်မှတ်ထားသည့် လမ်းနယ်များနှင့် မလွတ်ကင်းသည့်နေရာများမှ မြေများအား ဂရန်သက်တမ်းတိုးခြင်းများကို ကန့်သတ်ရန်လိုကြောင်း၊ ဒေသအလိုက် လမ်းများအား လမ်းအင်္ဂါရပ်များနှင့်ညီညွတ်စေရေး ဆောင်ရွက်ရာတွင် လမ်းဘေးဝဲယာ၌ ရေနုတ်မြောင်းများကို စနစ်တကျထည့်သွင်း၍ ရေထုတ်စနစ်များ ဆောင်ရွက်ရန်လိုကြောင်း၊ ရေထုတ်စနစ်များကောင်းမွန်မှသာ ရေကြီးရေလျှံခြင်းများကို လျော့ပါးစေမည်ဖြစ်ကြောင်း။

မြေယာနှင့်ပတ်သက်၍ မြေလွတ်မြေရိုင်းများအပေါ်၌ စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့်အချိန်ကာလအတွင်း လုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းမပြုဘဲ မြေယာများ ရယူထားမှုများကို ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်သွားရန်လိုကြောင်း၊ လယ်ယာမြေများကို အခြားနည်းဖြင့်သုံးစွဲရန်အတွက် တိုင်းဒေသကြီးအဆင့်ဖြင့် ဆောင်ရွက်၍ရသော်လည်း လယ်မြေများကို အခြားနည်းဖြင့် ပြောင်းလဲသုံးစွဲမှုများကို နိုင်ငံတော်အစိုးရထံ ခွင့်ပြုချက်ရယူရမည်ဖြစ်ကြောင်း၊ လယ်မြေများကို အခြားနည်းများဖြင့် သုံးစွဲခြင်းများကြောင့် စိုက်ပျိုးမြေများလျော့နည်းလာပြီး စိုက်ပျိုးထုတ်လုပ်မှုများကို ထိခိုက်စေနိုင်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မြေယာများနှင့်ပတ်သက်၍ စနစ်တကျဖြင့် စိစစ်ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ မြေများကို အကျိုးရှိစွာဖြင့် အသုံးချနိုင်ရန်လိုကြောင်း၊ မြေလွတ်မြေရိုင်းများနှင့် လယ်ယာမြေပိုင်ဆိုင်မှုများနှင့် ပတ်သက်၍ ဥပဒေများကို ပြန်လည်သုံးသပ်ဆောင်ရွက်လျက်ရှိကြောင်း။

စာကြည့်တိုက်များနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းကောက်ယူမှုစာရင်းများအရ စာတတ်မြောက်မှုရာခိုင်နှုန်းမှာ ပျမ်းမျှအားဖြင့် ၉၂ ရာခိုင်နှုန်းခန့်ရှိသည်ကို တွေ့ရကြောင်း၊ သို့သော် အများစုအနေဖြင့် မူလတန်းပညာကိုသာ တတ်မြောက်ကြခြင်းဖြစ်ပြီး ကျောင်းနေအရွယ်ကို ကျော်လွန်သွားပြီဖြစ်၍ ၎င်းတို့အနေဖြင့် လူမှုအသိုင်းအဝိုင်းအတွင်း အသိပညာ၊ အတတ်ပညာများရရှိအောင် ဖန်တီးပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြို့နယ်၊ ကျေးရွာ ရပ်ကွက်များအလိုက် စာကြည့်တိုက်များ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ စာသင်ကျောင်းများတွင်လည်း ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာဖတ်သည့် အလေ့အကျင့်ကောင်းများရရှိအောင် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ဖတ်ခြင်း၊ မှတ်ခြင်း၊ ဆွေးနွေးခြင်းများရှိမှသာ အသိပညာ၊ အတတ်ပညာများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ပညာရည်မြင့်မားရေးအတွက် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပညာတတ်များပေါ်ကြွယ်ဝရေး ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက်လည်း ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

**နိုင်ငံ့စီးပွားကောင်းမွန်ရေးအတွက် နိုင်ငံသားတိုင်းတွင် တာဝန်ရှိ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံအောက်ပိုင်းဒေသရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများကို တွေ့ဆုံရခြင်းသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို မှာကြားနိုင်ရန်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိနိုင်ငံတိုင်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို လိုလားကြကြောင်း၊ စီးပွားရေးကောင်းမွန်မှသာ နိုင်ငံရေးတည်ငြိမ်အေးချမ်းပြီး ပြည်သူများအနေဖြင့် စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် နေထိုင်လုပ်ကိုင် စားသောက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စီးပွားရေးနှင့် နိုင်ငံရေးသည် အပြန်အလှန် အမှီသဟဲပြုနေခြင်းဖြစ်ပြီး နိုင်ငံ၏ စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသားများအားလုံးတွင် တာဝန်ရှိကြောင်း။ *စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၃ မှ*

ဒါ့ကြောင့် လက်ဝယ်ရရှိနေတဲ့ အခွင့်အရေးကြီးကို ပြည့်ပြည့်ဝဝ ရရှိခံစားနိုင်ဖို့အတွက် သန်းခေါင်စာရင်းကို လူတိုင်းအကောက်ခံကြဖို့လည်း လိုအပ်ပါတယ်၊ လူတိုင်းပါဝင်ကြဖို့လည်း လိုအပ်ပါတယ်။ အိမ်ထောင်စုအဖွဲ့အစည်းတိုင်းအတွက် စာရင်းကောက်တွေက အိမ်တိုင်ရာရောက် လာရောက်မေးမြန်းမယ့် မေးခွန်းတိုင်းအပေါ်မှာ သံသယစိတ်၊ စိုးရိမ်ကြောင့်ကြစိတ်များ ကင်းစွာနဲ့ နောင်အနာဂတ်မျိုးဆက်သစ်တွေအကျိုးအတွက် အမှန်ကို အမှန်အတိုင်း အမှားအယွင်းမရှိအောင် ယုံယုံကြည်ကြည် ဖြေကြားကြဖို့ လိုအပ်ပါတယ်။ သန်းခေါင်စာရင်းအတွက် ထုတ်ပြန်ထားတဲ့ ၂၀၁၃ ခုနှစ် လူဦးရေနဲ့အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေကလည်း ပြည်သူတွေရဲ့ ကိုယ်ရေးအချက်အလက်တွေကို လုံခြုံမှုအကာအကွယ်ပေးထားပြီးဖြစ်ကြောင်း အသိပေးပြောကြားလိုပါတယ်။

သန်းခေါင်စာရင်းက ကျွန်တော်တို့နိုင်ငံရဲ့ ပကတိအခြေအနေ၊ နိုင်ငံအတွင်း နေထိုင်သူတွေရဲ့ ဒေသအလိုက်၊ အသက်အပိုင်းအခြားအလိုက်၊ မြို့ပြကျေးလက်အလိုက် လူဦးရေကိုသာ ရရှိနိုင်ရုံသာမက ပညာအရည်အချင်းအလိုက်၊ လုပ်ငန်းအမျိုးအစားအလိုက်၊ နေထိုင်မှုပုံစံအလိုက် လူဦးရေကို ခွဲခြားသိရှိနိုင်မှာလည်း ဖြစ်ပါတယ်။ အဲဒီကတစ်ဆင့် နေရာဒေသအလိုက် လိုအပ်တဲ့အစီအမံတွေ ချမှတ်နိုင်ဖို့ အခြေခံအရင်းအမြစ်တွေကို ဖန်တီးပံ့ပိုးပေးနိုင်မှာဖြစ်သလို လိုအပ်တဲ့ လုပ်သားအင်အားကိုလည်း ဖော်ထုတ်သိရှိနိုင်မှာဖြစ်ပါတယ်။ ကျွမ်းကျင်မှုလိုအပ်တဲ့ လုပ်သားတွေအတွက်လည်း စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းတွေ၊ ကျွမ်းကျင်မှုသင်တန်းတွေကို လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးနိုင်မှာလည်းဖြစ်ပါတယ်။ အလားတူ လူမှုဖူလုံရေး၊ သက်ကြီးရွယ်အိုစောင့်ရှောက်ရေး၊ မသန်စွမ်းထောက်ပံ့မှုအစီအစဉ်တွေကိုလည်း ကြိုတင်ပြင်ဆင်နိုင်မှာလည်း ဖြစ်ပါတယ်။

ပြင်ပစီးပွားရေးလုပ်ငန်းရှင်များအတွက်ကတော့ ဈေးကွက်ရှာဖွေခြင်း၊ စားသုံးသူခန့်မှန်းခြင်း၊ ကုန်ပစ္စည်းထုတ်လုပ်ခြင်း၊ ပညာရေး၊ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း စတာတွေအတွက် အသုံးဝင်မှာဖြစ်သလို ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သဘာဝဘေးအန္တရာယ်ကျရောက်သူများ ကယ်ဆယ်ရေး စတဲ့ကဏ္ဍတွေမှာလည်း အသုံးဝင်မှာဖြစ်ပါတယ်။

**ချစ်ကြည်လေးစားရပါသော မိဘပြည်သူ၊ ညီအစ်ကိုမောင်နှမများခင်ဗျာ**

ဒီလို နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးနဲ့ အခြားသော လုပ်ငန်းစဉ်တွေမှာ မဖြစ်မနေ အခြေခံအသုံးပြုရမယ့် ကိန်းဂဏန်းတွေ၊ အချက်အလက်တွေ၊ အကြောင်းအရာတွေရရှိဖို့အတွက် မကြာခင်မှာ အမျိုးသားရေးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်တဲ့ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်တော့မှာလည်း ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့ကနေ ၁၅ ရက်နေ့အထိ ကောက်ယူမယ့် လူဦးရေနဲ့အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဟာ ပြည်တွင်းရှိ လူ့စွမ်းအားအရင်းအမြစ်တွေကို အခြေခံပြီး ကိုယ့်အားကိုယ်ကိုးဆောင်ရွက်နေတဲ့ အမျိုးသားရေးလုပ်ငန်းစဉ်တစ်ခု ဖြစ်ပါတယ်။ ဒီလုပ်ငန်းကြီးကို တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုတည်းနဲ့ ဆောင်ရွက်လို့မရနိုင်ဘဲ နိုင်ငံတစ်ဝန်း နိုင်ငံသူ၊ နိုင်ငံသား၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးရဲ့ ညီညွတ်သောအင်အားနဲ့ အောင်မြင်အောင် ဆောင်ရွက်ပြီး ကမ္ဘာ့အလယ်တွင် နိုင်ငံ့စွမ်းအားကို ပြသရမှာလည်း ဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ပြောရရင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးရဲ့ ပူးပေါင်းပါဝင်မှုအားနဲ့ သမိုင်းမှတ်တိုင်တစ်ခု စိုက်ထူနိုင်မယ့် အခွင့်အခါကောင်းတစ်ရပ်လည်း ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့ သန်းခေါင်စာရင်းလုပ်ငန်းစဉ်ကြီးကို နိုင်ငံတော်၏ အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် ခံယူပြီး **"ပြည်သူအားလုံး ပါဝင်လို့ သန်းခေါင်စာရင်း ကောက်ကြစို့"** ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါလို့ တိုက်တွန်းနှိုးဆော်ရင်း နိဂုံးချုပ်အပ်ပါတယ်။

- မိမိတို့အနေဖြင့် လာမည့်ရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး အထောက်အကူရစေရန် လာမည့်အောက်တိုဘာလ ၁ ရက်မှစတင်၍ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ကောက်ယူသွားမည်
- သန်းခေါင်စာရင်းကောက်ယူမှုသည် နိုင်ငံအတွက်များစွာ အကျိုးရှိသည့်လုပ်ငန်းရပ်ဖြစ်ပြီး ရရှိလာသည့် အချက်အလက်များအပေါ်မူတည်၍ နိုင်ငံ့အကျိုးအတွက် များစွာ စီမံဆောင်ရွက်နိုင်မည်

*စာမျက်နှာ ၄ မှ*

မိမိတို့နိုင်ငံအနေဖြင့် လွတ်လပ်ရေးရရှိပြီးချိန်မှ ယနေ့အထိ နိုင်ငံရေးစနစ်အမျိုးမျိုးကို ကျင့်သုံးခဲ့ကြောင်း၊ နိုင်ငံရေးစနစ်များပြောင်းလဲကျင့်သုံးမှုနှင့်အတူ စီးပွားရေးစနစ်များလည်း ပြောင်းလဲကျင့်သုံးမှုများရှိခဲ့ကြောင်း၊ စီးပွားရေးတွင် တိုးတက်မှုများရှိသကဲ့သို့ ထိုက်သင့်သလောက်အောင်မြင်မှု မရှိခဲ့သည်များလည်းရှိကြောင်း၊ စီးပွားရေးအားနည်းချက်များဖြစ်ပေါ်မှုများကြောင့် နိုင်ငံရေးပြဿနာများဖြစ်ပေါ်ခဲ့သည်ကိုလည်း တွေ့မြင်ရမည်ဖြစ်ပြီး စီးပွားရေးကျဆင်းမှု၊ အလုပ်အကိုင်အခွင့်အလမ်း နည်းပါးခြင်းများကြောင့်ဖြစ်ကြောင်း၊ ခေတ်အဆက်ဆက်တွင် ဖြစ်ပေါ်ခဲ့သည့် နိုင်ငံတော်၏ စီးပွားရေးဆိုင်ရာ အားသာချက်များ၊ အားနည်းချက်များကိုသင်ခန်းစာယူဖော်ထုတ်၍ မိမိတို့အနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**စားရေရိက္ခာဖူလုံရေးနှင့် လူတစ်ဦးချင်းစီအလိုက် စားရေး၊ နေရေး၊ ဝတ်ရေးတို့ အဆင်ပြေစေရေး ဆောင်ရွက်ပေးနိုင်ရန်လို**

မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စီးပွားရေးလုပ်ငန်းကို အဓိကဆောင်ရွက်ခြင်းဖြစ်သဖြင့် အဆိုပါစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အလားတူ အခြားကုန်ထုတ်လုပ်မှု လုပ်ငန်းများကိုလည်း တိုးတက်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ လူတစ်ဦးချင်းစီတွင် စားရေး၊ ဝတ်ရေး၊ နေရေး ဟူ၍ရှိပြီး အားလုံးအဆင်ပြေနေစေရေးအတွက် စီးပွားရေးကောင်းမွန်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံသည် စားနပ်ရိက္ခာထုတ်လုပ်သည့်နိုင်ငံဖြစ်သဖြင့် စားရေးနှင့်ပတ်သက်၍ အခက်အခဲမရှိကြောင်း၊ မိမိတို့၏ အမျိုးသားရေးရည်မှန်းချက်တွင်လည်း စားရေရိက္ခာဖူလုံရေး ပါဝင်ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များအားလုံးတွင် ဒေသဝမ်းစာဆန်ဖူလုံမှုရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ပြီး စားရေရိက္ခာဖူလုံမှုရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း။

ဝတ်ရေးနှင့်ပတ်သက်၍ လူတိုင်းသည် အဝတ်အထည်များကို မဖြစ်မနေအသုံးပြုရကြောင်း၊ မိမိတို့နိုင်ငံသည် ဝါစိုက်ပျိုးသည့် နိုင်ငံဖြစ်သဖြင့် ပြည်တွင်း၌ ဝါများ လုံလောက်စွာစိုက်ပျိုးထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ဝါစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်စေရေးအတွက်လည်း မိမိတို့အနေဖြင့် အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ အဆင့်မီသည့် ချည်ထည်များ ထုတ်လုပ်နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ဝါမှ ဝါဂွမ်း၊ ချည်၊ ပိတ်နှင့် ချည်ထည်များ အဆင့်ဆင့်ထုတ်လုပ်ရကြောင်း၊ ဝါကို အဓိကစိုက်ပျိုးသည့်ဒေသများ၌ ဝါစိုက်ပျိုးထုတ်လုပ်မှုကို တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ပြီး ဝါကိုအခြေခံသည့် စက်မှုလုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်ကြရန်လိုကြောင်း။

စားဝတ်နေရေးတွင် စားရေးသည် အရေးကြီးဆုံးဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ကုန်ဈေးနှုန်းများသည် ထိုက်သင့်သည့် ဈေးနှုန်းထက် များပြားနေသည်ကို တွေ့ရကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံခြားငွေများ ရရှိစေရေး ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်၍ ပြည်ပသို့ တင်ပို့နိုင်ရန်လိုကြောင်း၊ လက်ရှိအချိန်တွင် ပြည်ပနှင့် အကြောင်းအမျိုးမျိုးဖြင့် ဆက်သွယ်ဆောင်ရွက်မှုများပြားလာခြင်းကြောင့် နိုင်ငံခြားငွေများ လိုအပ်ချက်ရှိလာကြောင်း၊ နိုင်ငံခြားငွေသုံးစွဲမှုများနှင့်ပတ်သက်ပြီး မိမိတို့အနေဖြင့် မူဝါဒများချမှတ်၍ ထိန်းသိမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခင်အစိုးရများအဆက်ဆက်က ပြည်ပမှချေးယူခဲ့သည့် ပြည်ပချေးငွေများကိုလည်း မိမိတို့အနေဖြင့် ပြန်လည်ပေးဆပ်လျက်ရှိကြောင်း၊ နိုင်ငံခြားဝင်ငွေများရရှိရေးအတွက် ပြည်ပရောင်းတန်းဝင်သည့် ထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရန် လိုကြောင်း၊ အဆိုပါထုတ်ကုန်များကို ပြည်ပသို့ တင်ပို့ခြင်းဖြင့် နိုင်ငံခြားငွေများ တိုးတက်ရရှိလာမည်ဖြစ်ကြောင်း၊ ထိုသို့ ကုန်ထုတ်လုပ်မှုများ တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းဆောင်ရွက်သူများအနေဖြင့်လည်း စီးပွားရေးတိုးတက်လာမည်ဖြစ်ကြောင်း။

နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့ဝန်ထမ်းများအနေဖြင့်လည်း မိမိတို့ကျရာ အခန်းကဏ္ဍမှ တတ်စွမ်းသရွေ့ ပါဝင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများနှင့် ပတ်သက်၍ မိမိတို့အနေဖြင့် ထောက်ပံ့ကြေးများ တိုးမြှင့်ပေးအပ်လျက်ရှိကြောင်း၊ နိုင်ငံတော်မှ ရသင့်ရထိုက်သည့် အခွန်အခများ မှန်မှန်ကန်ကန်ရရှိစေရေး တာဝန်ရှိသူများအနေဖြင့် ဆောင်ရွက်ပေးရန်လိုကြောင်း။

**ပညာရေး၊ ကျန်းမာရေး**

ပညာရေးနှင့်ပတ်သက်၍ ယနေ့ကမ္ဘာပေါ်တွင် ဖြစ်ပေါ်တိုးတက်နေသည့် အခြေအနေအရ ပညာခေတ်၊ IT ခေတ်တွင် လူတိုင်းအလယ်တန်းအဆင့်အထိ ပညာတတ်မြောက်ရန်လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ရှိပြီးဖြစ်သည့် သယံဇာတများကို အကျိုးရှိထိရောက်စွာဖြင့် အသုံးချနိုင်ရန် ပညာတတ်သည့် လူသားအရင်းအမြစ်များ လိုအပ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပညာရည်မြင့်မားစေရေး KG + 9 အထိ မသင်မနေရစနစ်ကို ဖော်ဆောင်ပေးလျက်ရှိကြောင်း၊ ဆရာ၊ ဆရာမများ အလုံအလောက် ခန့်အပ်နိုင်ရေးအတွက် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလားတူ စာသင်ကျောင်းများအနေဖြင့်လည်း အဆင့်မီသည့်ကျောင်းများဖြစ်ရန် လိုကြောင်း၊ ထို့ကြောင့် အခြေခံပညာကျောင်းများကို သတ်မှတ်ထားသည့် ကျောင်းအင်္ဂါရပ်များနှင့်အညီဖြစ်စေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆောင်ရွက်ပေးရန်လိုကြောင်း၊ ပညာရေးကောလိပ်များတွင် ဆရာ၊ ဆရာမများသင်တန်းအပြည့်အဝ တက်ရောက်နိုင်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အဆင်ပြေချောမွေ့စွာဖြင့် သင်ကြားပေးနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ယာယီပိတ်ထားရသည့် ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင်လည်း ကျောင်းသား၊ ကျောင်းသူများ အမှန်တကယ် စာတတ်မြောက်စေရေးအတွက် အချိန်ပိုများဖြင့် သင်ကြားပေးရန် လိုကြောင်း။

**မိမိတို့ကျရာကဏ္ဍအလိုက် တာဝန်ကို ကျေပွန်အောင်ထမ်းဆောင်၍ နိုင်ငံ့အကျိုးကို ဖော်ဆောင်ကြရန်လို**

မိမိတို့အနေဖြင့် လာမည့်ရွေးကောက်ပွဲကို လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး အထောက်အကူရစေရန် လာမည့် အောက်တိုဘာလ ၁ ရက်မှစတင်၍ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ကောက်ယူသွားမည်ဖြစ်ကြောင်း၊ သန်းခေါင်စာရင်းကောက်ယူမှုသည် နိုင်ငံအတွက်များစွာအကျိုးရှိသည့်လုပ်ငန်းရပ်ဖြစ်ပြီး ရရှိလာသည့် အချက်အလက်များအပေါ်မူတည်၍ နိုင်ငံ့အကျိုးအတွက် များစွာ စီမံဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်မှ တာဝန်ရှိသူများအနေဖြင့် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း အောင်မြင်စေရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ နိုင်ငံရေးနှင့်ပတ်သက်၍ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းရမည်ဖြစ်ပြီး နိုင်ငံကောင်းမွန်စေရေးအတွက် နိုင်ငံ့အရေးကို ဆောင်ရွက်ရမည်သာဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် တာဝန်များ ကျေပွန်စွာ ထမ်းဆောင်၍ မိမိတို့တာဝန်ကျရာနေရာများအလိုက် ဒေသအကျိုး၊ နိုင်ငံ့အကျိုးကို တတ်စွမ်းသရွေ့ ဖော်ဆောင်ကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူနိုင်ရေး တိုင်းဒေသကြီးအဆင့်နည်းပြသင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁**

၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူနိုင်ရေး တိုင်းဒေသကြီးအဆင့် နည်းပြသင်တန်းဆင်းပွဲ အခမ်းအနားကို ဩဂုတ် ၃၀ ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမတွင် ကျင်းပသည်။ **(ယာပုံ)**

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် (ကိုယ်စား) လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်က သင်တန်းဆင်းအမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးအဆင့် နည်းပြသင်တန်းဆင်း ဆရာ၊ ဆရာမများကို ဗဟိုသန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌက ခရိုင်အဆင့်နည်းပြများအဖြစ် ခန့်အပ်တာဝန်ပေးအပ်လိုက်သည့် ခန့်အပ်လွှာများကို လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက နည်းပြများကိုယ်စား ခရိုင်အဆင့် နည်းပြသင်တန်းသူတစ်ဦးကိုပေးအပ်သည်။

အဆိုပါ သင်တန်းအား ဩဂုတ် ၁၉ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်သင်ကြားခဲ့ပြီး သင်တန်းသား ၁၂ ဦး၊ သင်တန်းသူ ၃၃ ဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဆန်းကျော်ဦး(မြန်/ဆက်)**





## မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**သာယာဝတီ စက်တင်ဘာ ၁**

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် နှစ် (၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရဲတပ်ဖွဲ့ဝင်များ စုပေါင်း၍ ပြည်သူ့အကျိုးပြု သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ယနေ့နံနက် ၇ နာရီက သာယာဝတီမြို့နယ် ကွက်သစ်ရပ်ကွက်တိုက်ကျောင်းဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်သည်။ **(ဓါတ်ပုံ)**

ထိုသို့ဆောင်ရွက်ရာတွင် သာယာဝတီခရိုင်ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး ဉာဏ ဦးဆောင်ပြီး သာယာဝတီမြို့နယ် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်စိုးလွင်၊ အမှတ်(၂)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စိတ် (သာယာဝတီ) မှ ရဲအုပ် ဥက္ကာသွင်တို့ပူးပေါင်း၍ ရဲတပ်ဖွဲ့ဝင် ၉၅ ဦးက တိုက်ကျောင်းဘုန်းတော်ကြီးကျောင်းဝင်း အတွင်း/အပြင် သန့်ရှင်းသာယာလှပရေးအတွက် တံမြက်စည်းလှဲခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ချုံနွယ်၊ ပေါင်းမြက်များအား ခုတ်ထွင်းရှင်းလင်းခြင်း စသည့်ပြည်သူ့အကျိုးပြုလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

**ခရိုင် (မြန်/ဆက်)**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် ဇနီး ဒေါ်ကြူကြူလှ စွယ်တော်မြတ်စေတီတော်အား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် သစ်သီးဆွမ်း ကပ်လှူပူဇော်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် ဇနီး ဒေါ်ကြူကြူလှ စွယ်တော်မြတ်စေတီတော်(ရန်ကုန်)သို့ သွားရောက်ဖူးမြော်ကြည်ညို

**နေပြည်တော် စက်တင်ဘာ ၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် ဇနီး ဒေါ်ကြူကြူလှ၊ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းတော်ပေါ်၌ တည်ထားကိုးကွယ်သည့် စွယ်တော်မြတ်စေတီတော်(ရန်ကုန်)သို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။

**ပန်း၊ ရေချမ်း၊ ဆီမီး နှင့် သစ်သီးဆွမ်း ကပ်လှူပူဇော်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များအား ဂေါပကအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် စွယ်တော်မြတ်စေတီတော်အား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီး နှင့် သစ်သီးဆွမ်း ကပ်လှူပူဇော်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် နှင့် ဇနီးတို့က စေတီတော်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများမှ လှူဒါန်းသည့်အလှူငွေများနှင့် စုပေါင်းအလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူကြပြီး ဓမ္မလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတီတော်ကြီးတွင် ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် မြတ်ဗုဒ္ဓ၏ စွယ်တော်ပွားကို ဖူးမြော်ကြည်ညိုကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စေတီတော်ကြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပူဇော်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စေတီတော်မြတ်အား လက်ယာရစ်လှည့်လည်ပူဇော်၍ စေတီတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေး ထိန်းသိမ်းဆောင်ရွက်ထားရှိမှုအခြေအနေများအား ကြည့်ရှုကာ စေတီတော်မြတ်ကြီး အမြဲသန့်ရှင်းသာယာပြီး ကြည်ညိုဖွယ်ဖြစ်နေစေရေးအတွက် ဆောင်ရွက်ရန်၊ စေတီတော်ကြီးရင်ပြင်တော်သန့်ရှင်းရေးအပါအဝင် ဘက်စုံပြုပြင်မွမ်းမံရန် လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

**ခေါင်းလောင်းတော်အား ထိုးခတ်ပူဇော်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စေတီတော်ကြီးရှိ ခေါင်းလောင်းတော်အား ထိုးခတ်ပူဇော်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တ ဆေကိန္ဒ အား သွားရောက်ဖူးမြော် ကြည်ညို၍ ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးဆိုင်ရာများ၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို တင်ပြလျှောက်ထားကာ ဆရာတော်ကြီး၏ မိန့်ကြားမှုများကို နာယူသည်။

**လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မ အလှူတော်ငွေများ ဆက်ကပ်လှူဒါန်း**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် ဇနီး ဒေါ်ကြူကြူလှ စေတီတော်ကြီး ဘက်စုံပြုပြင်မွမ်းမံရန် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများမှ လှူဒါန်းသည့်အလှူငွေများနှင့် စုပေါင်းအလှူတော်ငွေများ ပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် ဇနီး ဒေါ်ကြူကြူလှ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းစဉ်။

**မှတ်သားဖွယ်ရာ မိုးရေချိန်များ**

နေပြည်တော် စက်တင်ဘာ ၁ - မှတ်သားဖွယ်ရာမိုးရေချိန်များမှာ လပွတ္တာမြို့တွင် ၂ ဒသမ ၄၈ လက်မ၊ ငပုတောမြို့တွင် ၂ ဒသမ ၃၈ လက်မ၊ ဟဲဟိုးမြို့နှင့် ဒေးဒရဲမြို့တို့တွင် ၂ ဒသမ ၂၄ လက်မစီ၊ မြောင်းမြမြို့တွင် ၂ ဒသမ ၂၀ လက်မ၊ ကျောက်ဆည်(လွန်ကျော်)တွင် ၂ ဒသမ ၀၁ လက်မ၊ ပြင်ဦးလွင်မြို့နှင့် ကွမ်းခြံကုန်းမြို့တို့တွင် ၁ ဒသမ ၅၄ လက်မစီ နှင့် တောင်ငူမြို့၊ လှိုင်းဘွဲ့မြို့နှင့် ပိုင်ကျုံမြို့တို့တွင် ၁ ဒသမ ၃၀ လက်မစီတို့ ဖြစ်ကြသည်။

မိုး/ဇလ

# ပြည်ထဲရေးဝန်ကြီးဌာန အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၏ (၇၃) နှစ်မြောက်နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ

နေပြည်တော် စက်တင်ဘာ ၁

**ပြည်ထဲရေးဝန်ကြီးဌာန အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၏ (၇၃) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၄၉) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနရုံး စုစည်းခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီ၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများမှ အရာရှိကြီးများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။**



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဧည့်သည်တော်များနှင့်အတူ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၏ လှုပ်ရှားဆောင်ရွက်ခဲ့မှုမှတ်တမ်း Video Clip ကို ကြည့်ရှုအားပေးကာ ဝန်ထမ်းများအတွက် ထောက်ပံ့ပစ္စည်းများကိုလည်းကောင်း၊ ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ် (၁၁၄/၂၀၂၃) တွင် အကောင်းဆုံး သင်တန်းသားထူးချွန်ဆုရရှိသူ တစ်ဦးနှင့် လုပ်ငန်းထူးချွန်ဆုရရှိသူ သုံးဦးတို့အား ဂုဏ်ပြုဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ယာပုံ)**

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီက ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ် (၁၁၄/၂၀၂၃) တွင် ဥပဒေဘာသာရပ်ထူးချွန်ဆုရရှိသူ တစ်ဦးနှင့် လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ တစ်ဦးတို့ကိုလည်းကောင်း၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးက အခြေခံသံတမန်ရေးရာကျွမ်းကျင်မှု သင်တန်းတွင် တတိယဆုရရှိသူဝန်ထမ်း တစ်ဦးကိုလည်းကောင်း၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် ကျောင်းသူ တစ်ဦးကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် တပ်ဖွဲ့၊ ဦးစီးဌာနများမှ အရာရှိကြီးများ၊ ဆုရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ကျင်းပပြုလုပ်ခဲ့သည့် International Transport Summit(2024) နှင့် International Municipal BRICS Forum(2024) တို့သို့ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁**

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းတို့ဦးဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၄ ခုနှစ်၊ ဩဂုတ် ၂၁ ရက်မှ ၂၉ ရက်အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ကျင်းပပြုလုပ်သည့် International Transport Summit (2024) နှင့် International Municipal BRICS Forum(2024) တို့သို့ တက်ရောက်ဆွေးနွေးခဲ့သည်။



နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် အဖွဲ့ဝင်များနှင့်အတူ ဩဂုတ် ၂၂ ရက် နံနက်ပိုင်းက Situation Center of Moscow ၌ ကျင်းပပြုလုပ်သည့် International Transport Summit (2024) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ မြို့ပြသယ်ယူပို့ဆောင်ရေး အချက်အလက်စီမံကိန်း (Urban Transport Data Project) ပူးတွဲကြေညာစာတမ်း၌ လက်မှတ်ရေးထိုးခဲ့ပြီး မော်စကိုမြို့၏ လက်ရှိဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ "Moscow Transport Complex" ခေါင်းစဉ်ဖြင့်ကျင်းပသည့် ဆွေးနွေးပွဲသို့ တက်ရောက်၍ ညနေပိုင်းတွင် မော်စကိုမြို့ရှိ Sokolniki လျှပ်စစ်မော်တော်ယာဉ် ထုတ်လုပ်ရေးစက်ရုံ (SVARZ) သို့ သွားရောက်လေ့လာခဲ့သည်။

မြန်မာကိုယ်စားလှယ် အဖွဲ့သည် ဩဂုတ် ၂၃ ရက် နံနက်ပိုင်းက Situation Center of Moscow ၌ ကျင်းပပြုလုပ်သည့် International Roundtable ဆွေးနွေးပွဲများသို့ တက်ရောက်ပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက International Roundtable Session 2.1 ၌ "Transport, Ecology and Health in Nay Pyi Taw" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက International Roundtable Session 1.2 ၌ "Safety and Traffic Management" ခေါင်းစဉ်ဖြင့် လည်းကောင်း ပါဝင်ဆွေးနွေးခဲ့ပြီး မွန်းလွဲပိုင်းတွင် Central Exhibition Hall ၌ ကျင်းပပြုလုပ်သည့် Menege ပြပွဲသို့ သွားရောက်လေ့လာခဲ့သည်။

ညပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် Summit တက်ရောက်လာကြသည့် နိုင်ငံများမှ ကိုယ်စားလှယ်များအား မော်စကိုအစိုးရအဖွဲ့က ကြိုဆိုလက်ခံတွေ့ဆုံသည့် အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

မြန်မာကိုယ်စားလှယ် အဖွဲ့သည် ခရီးစဉ်အတွင်း မော်စကိုမြို့ရှိ ကရင်မလင်နန်းတော်နှင့် Moscow Planetarium သို့ လည်းကောင်း၊ မော်စကို သယ်ယူပို့ဆောင်ရေး Electric Vessel ဖြင့် မော်စကိုမြစ်တွင်းနှင့် မော်စကိုမြို့ရှိ Triumphal Gate သို့ လည်းကောင်း၊ Panorama 360 Tower နှင့် Ostankino Tower သို့ လည်းကောင်း သွားရောက်လေ့လာခဲ့သည်။

ထို့အတူ မြန်မာကိုယ်စားလှယ်အဖွဲ့သည် International Municipal BRICS Forum ဖွင့်ပွဲအခမ်းအနားနှင့် Plenary Session များသို့ တက်ရောက်ခဲ့ပြီး နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးက Trends in the Development of Tourism Infrastructure in Nay Pyi Taw ခေါင်းစဉ်ဖြင့် ပါဝင်ဆွေးနွေးခဲ့ကာ ဩဂုတ် ၂၉ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာခဲ့ရာ ဩဂုတ် ၃၀ ရက် ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာခဲ့ကြောင်း သိရှိရသည်။ **သတင်းစဉ်**

## ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသော ပဲကြီးကျွန်း-ပေါက်တပင်-ဆိပ်သာ-ကွက်ကျွန်းလမ်းအား ကြည့်ရှုစစ်ဆေး

**ဟသ္သာတ စက်တင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး ဟသ္သာတခရိုင် ဟသ္သာတမြို့နယ်၌ ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသော ပဲကြီးကျွန်း-ပေါက်တပင်-ဆိပ်သာ - ကွက်ကျွန်းလမ်းအား ဩဂုတ် ၃၁ ရက်က ဧရာဝတီတိုင်းဒေသကြီး တာဝန်ခံ အင်ဂျင်နီယာချုပ်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။



အဆိုပါ လမ်းပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်နေရာသို့ ဧရာဝတီတိုင်းဒေသကြီး တာဝန်ခံ အင်ဂျင်နီယာချုပ် ဦးကျော်ကျော်ထွေး၊ ဧရာဝတီတိုင်းဒေသကြီး ကျေးလက် လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးမင်းသိန်းနှင့် ဟသ္သာတခရိုင် ကျေးလက် လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကိုကိုသိန်းဇော်လင်းတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ ဟသ္သာတမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ) ဦးရဲနိုလင်းက ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသော လမ်း၊ တံတားအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး တာဝန်ခံအင်ဂျင်နီယာချုပ်က လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# စားအုန်းဆီ တင်သွင်း၊ သိုလှောင်၊ ဖြန့်ဖြူးခြင်းလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပ ဈေးနှုန်းမြှင့်တင်ရောင်းချသူများကို ဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁**

စားအုန်းဆီ တင်သွင်း၊ သိုလှောင်၊ ဖြန့်ဖြူးခြင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ ကုန်သွယ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် စားအုန်းဆီတင်သွင်းသည့် လုပ်ငန်းရှင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ စီးပွားရေးရာဝန်ကြီးများက Online ဖြင့် တက်ရောက်ကြသည်။




ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြည်ပမှတင်သွင်းသည့် စားအုန်းဆီဆိပ်ကမ်းအရောက် တန်ဖိုး၊ နိုင်ငံခြားငွေလဲလှယ်နှုန်းတို့အပေါ်အခြေခံကာ ပြည်တွင်းကုန်ကျစရိတ်များကိုတွက်ချက်၍ တစ်ပိဿာလက်ကားရည်ညွှန်းဈေးနှုန်းကို နိုင်ငံပိုင်သတင်းစာများ၌ အပတ်စဉ် ထုတ်ပြန်ကြေညာပေးလျက်ရှိကြောင်း၊ ဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း အသိပေးထုတ်ပြန်ထားရှိကြောင်း၊ ထုတ်ပြန်ကြေညာထားရှိသည့် ရန်ကုန်အထိုင်အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းအပေါ် သယ်ယူပို့ဆောင်ခ၊ အလုပ်သမားခများ ထပ်ပေါင်းပြီး လက်ကား၊ လက်လီအဆင့်တစ်ဆင့်စီတိုင်း၌ အမြတ်နှစ်ရာခိုင်နှုန်းထက်မပိုဘဲ ဖြန့်ဖြူးရောင်းချရန် ညွှန်ကြားထားရှိကြောင်း၊ သတ်မှတ်ဈေးနှုန်းဖြင့် မရောင်းချဘဲ ဝိသမလောဘနှင့် အမြတ်တင်ရောင်းချမှုများ၊ သိုလှောင်မှုများကို ဖော်ထုတ်အရေးယူလျက်ရှိကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် တင်သွင်းမှုအပေါ်အခြေခံပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လအလိုက် ဖြန့်ဖြူးရမည့်ပမာဏကို လျာထားသတ်မှတ်ပေးပြီးဖြစ်ကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ကုန်ဈေးနှုန်းတည်ငြိမ်ရေးလုပ်ငန်းအဖွဲ့၊ စားသုံးဆီဖြန့်ဖြူးရောင်းချမှုကြီးကြပ်ရေးအဖွဲ့များက သတ်မှတ်နေရာသို့ သတ်မှတ်အရေအတွက်အတိုင်း သတ်မှတ်ဈေးနှုန်းဖြင့် စားသုံးသူလက်ဝယ်သို့ မဖြစ်မနေရောက်ရှိစေရေး၊ စနစ်တကျဖြန့်ဖြူးရောင်းချစေရေးနှင့် စားအုန်းဆီတင်သွင်းသည့် လုပ်ငန်းရှင်များ၊ လက်ကား၊ လက်လီများ၏ ဖြန့်ဖြူးရောင်းချမှုများကို ကြီးကြပ်ထိန်းကျောင်းပေးရေးတို့ကို ဆွေးနွေးပြောကြားသည်။ (ဝဲပုံ)

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းနှင့် စားအုန်းဆီတင်သွင်းသည့် လုပ်ငန်းရှင်များက စားအုန်းဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးရောင်းချခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက်တင်ပြကြပြီး နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်စီးပွားရေးရာဝန်ကြီးများက ကုမ္ပဏီများ၊ လက်ကား၊ လက်လီများ၏ စားအုန်းဆီဖြန့်ဖြူးရောင်းချမှုကို ကြီးကြပ်ထိန်းကျောင်း ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ ဈေးနှုန်းမြှင့်တင်ရောင်းချသူများကို ဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိသည့်အခြေအနေနှင့် စားသုံးသူလက်ဝယ်အရောက် ဖြန့်ဖြူးရောင်းချပေးနေသည့်နည်းလမ်းများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## အာရှအမျိုးသမီး ချန်ပီယံလိဂ်ခြေစစ်ပွဲ နောက်ဆုံးပွဲတွင် မြဝတီအသင်း အရေးနိမ့်

**ရန်ကုန် စက်တင်ဘာ ၁**

၂၀၂၄-၂၀၂၅ ရာသီ အာရှအမျိုးသမီး ချန်ပီယံလိဂ်ခြေစစ်ပွဲ အုပ်စုနောက်ဆုံးနေ့ကို ဩဂုတ် ၃၁ ရက်က ဆက်လက်ကျင်းပရာ မြန်မာကလပ် မြဝတီအသင်း အုပ်စုပွဲအားလုံး အရေးနိမ့်ခဲ့သည်။

မြဝတီအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် လာအိုကလပ် Young Elephant အသင်းနှင့် ယှဉ်ပြိုင်ကစားရာ သုံးဂိုးပြတ် အရေးနိမ့်ခဲ့သည်။ Young Elephant အသင်းသည် အနိုင်ဂိုးများကို ပထမပိုင်းတွင် နှစ်ဂိုး၊ ဒုတိယပိုင်းတွင် တစ်ဂိုးသွင်းယူခဲ့သည်။ အုပ်စု (က) အခြားပွဲတွင် ယူအေအီးကလပ် အဘူဒါဘီအသင်းက ဆော်ဒီအာရေဗျကလပ် အယ်လ်နာဆာအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ ခြေစစ်ပွဲအောင်မြင်ခဲ့သည်။

ခြေစစ်ပွဲအပြီးတွင် အုပ်စု (က) တွင် ယူအေအီးကလပ် အဘူဒါဘီအသင်း၊ အုပ်စု (ခ) တွင် အိန္ဒိယကလပ် အိုဒီရှာအသင်း၊ အုပ်စု (ဂ) တွင် မလေးရှားကလပ် ဆာဘားအသင်း၊ အုပ်စု (ဃ) တွင် အီရန်ကလပ် ဘမ်ခါတွန်အသင်းတို့ အုပ်စုပထမနေရာများရရှိကာ ခြေစစ်ပွဲအောင်မြင်ခဲ့သည်။ မလေးရှားကလပ် ဆာဘားအသင်းသည် မြန်မာ့လက်ရွေးစင် အမျိုးသမီးတိုက်စစ်မှူး ဝင်းသိင်္ဂီထွန်းသွားရောက် ကစားနေသည့်အသင်းဖြစ်ပြီး ခြေစစ်ပွဲအောင်မြင်စေမည့် အဆုံးအဖြတ်ပွဲတွင် ဥဇဘက်ကစ္စတန်အသင်းဘက်သို့ အနိုင်ဂိုး နှစ်ဂိုးစလုံး သွင်းယူနိုင်ခဲ့သည်။ **ရဲရင့်လွင်**

❖ *ကျောဖုံးမှ*

စက်တင်ဘာ ၃ ရက်တွင် အိုမန်အသင်း၊ စက်တင်ဘာ ၅ ရက်တွင် ဘာရိန်းအသင်း၊ စက်တင်ဘာ ၈ ရက်တွင် အိုမန်အသင်း၊ စက်တင်ဘာ ၁၁ ရက်နှင့် ၁၃ ရက်တွင် ဘူတန်အသင်းတို့နှင့် ခြေစမ်းကစားမည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းတွင် အုပ်ချုပ်သူ-ဦးမိုးဝေအောင်၊ နည်းပြချုပ် - ဦးအောင်နိုင်၊ လက်ထောက်နည်းပြများ-ဦးအောင်ခိုင်၊ ဦးခင်မောင်ထွေး၊ ဂိုးနည်းပြ- ဦးဇော်လင်းအောင်၊ အားကစားသမားများအဖြစ် ဂိုးသမား-စောကျော်ခန့်နို၊ စောအယ်ဒိုထူး၊ ဟန်မြင့်မြတ်ထွန်း၊ နောက်တန်း-အောင်မြင့်၊ ဖြိုးပြည့်စုံ၊ ခန့်ဇင်ဟိန်း၊ ဆင်မြူရယ်ငိုင်ကီး၊ ခွန်ချိုထူး၊ လွှမ်းထက်ထွန်း၊ ဝိုင်းလု၊ ရဲကောင်းဆက်၊ အလယ်တန်း-စောလင်းထက်ပိုင်၊ ဇော်မျိုးထွန်း၊ ကောင်းခန့်ကျော်၊ မင်းမော်ဦး၊ နိုင်အောင်ဆန်း၊ စွမ်းထက်၊ နိုင်ဝင်းထွန်း၊ ရှိုင်းဝဏ္ဏအောင်၊ ရှေ့တန်း-မောင်တော့ပ်၊ ဝင်းပြည့်မောင်၊ ဖွဲ့မာန်သာ၊ စောစေးကပေါ်ဆေးနှင့် စိုင်းဇေယျာကျော်တို့ လိုက်ပါသွားသည်။ မြန်မာ ယူ-၁၉ အသင်းသည် ထိုင်းနိုင်ငံသို့ စက်တင်ဘာ ၁ ရက်က ထွက်ခွာသွားသည်။

မြန်မာ ယူ-၁၉ အသင်း ယှဉ်ပြိုင်မည့် ၂၀၂၅ အာရှဖလား ယူ-၂၀ ခြေစစ်ပွဲကို စက်တင်ဘာ ၂၅ ရက်မှ ၂၉ ရက်အထိ ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် ဂျပန်၊ ကာဂျစ္စတန်၊ တာ့ခ်မင်နစ္စတန်အသင်းတို့နှင့် အုပ်စု (I) တွင် ကျရောက်နေပြီး ယင်းအုပ်စုကို ကာဂျစ္စတန်နိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။ **ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**

## ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (ပထမ)ဆယ်ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**နေပြည်တော် စက်တင်ဘာ ၁**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအနည်းငယ်မှ အားအသင့်အတင့် ရှိနိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ၇၃ ဒီဂရီဖာရင်ဟိုက်မှ ၈၄ ဒီဂရီဖာရင်ဟိုက်အတွင်း၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၅ ဒီဂရီဖာရင်ဟိုက်မှ ၉၆ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၅၂ ဒီဂရီဖာရင်ဟိုက်၊ ပဲခူးတိုင်းဒေသကြီး တောင်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၆၃ ဒီဂရီဖာရင်ဟိုက်မှ ၇၂ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၃ ဒီဂရီဖာရင်ဟိုက်မှ ၈၂ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် ၇၆ ရာခိုင်နှုန်းမှ ၈၆ ရာခိုင်နှုန်းအတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၇ ရာခိုင်နှုန်းမှ ၉၇ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၁၅ မီလီမီတာမှ ၂၄ မီလီမီတာအတွင်း၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၂၅ မီလီမီတာမှ ၃၄ မီလီမီတာအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ၃၅ မီလီမီတာမှ ၄၃ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (ပြည့်ဝ) အခြေအနေနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် (စိုစွတ်) အခြေအနေ အသီးသီးရှိနိုင်သည်။

**မိုး/ဇလ**

# တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းပွဲ အခမ်းအနားကျင်းပ



နေပြည်တော် စက်တင်ဘာ ၁

**တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။**

အခမ်းအနားသို့ လယ်ဝေးမြို့ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဇနိန္ဒ မဟာထေရ်မြတ် အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက လယ်ဝေးမြို့ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဇနိန္ဒ ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်သည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာကြားကြသည်။

ထို့နောက် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(ယာပုံ)**

ယင်းနောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အလှူရှင်များက လှူဒါန်းသော ဆွမ်းဆန်တော်နှင့် ဆီ၊ ဆား၊ ပဲ၊ ဆေးများအား ပေါက်မြိုင်ပရိယတ္တိ စာသင်တိုက် ပဓာနနာယက ဆရာတော်နှင့် သံဃာတော်များထံ စစ်ရေးချုပ်က ဦးဆောင်၍ တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိကြီးများက ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ ဆွမ်းပဒေသာပင် အလှူတော်ငွေများကို တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အလှူရှင်များက ပေးအပ်လှူဒါန်းကြရာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးနှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ ယင်းနောက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်များ လှူဒါန်းရခြင်းရည်ရွယ်ချက်အား တပ်မတော်အရာရှိကြီးတစ်ဦးက ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် လယ်ဝေးမြို့၊ ပေါက်မြိုင်ပရိယတ္တိ စာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဇနိန္ဒ ထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းသည်။

နေပြည်တော် လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘိုးဘွားရိပ်သာများအတွက် တပ်မတော် (ကြည်း၊ ရေလေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ၂၀၀၆ ခုနှစ်မှစ၍ နှစ်စဉ်လှူဒါန်းလျက်ရှိပြီး ယနေ့ လှူဒါန်းမှုအစုစုမှာ အလှူငွေကျပ် ၁၄၅ သိန်း ၅ သောင်း ၉ ထောင်ကျပ်၊ ဆန် ၆၅၇ အိတ်၊ ဆီ ၁၉၆ ပိဿာ ၂၀ ကျပ်သား၊ ပဲ ၁၉၆၂ ပိဿာ၊ ဆား ၁၉၆၂ ပိဿာ၊ ဆေးမျိုးစုံ ၆၅၄ ဘူးတို့အား လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## အသက် နှစ်နှစ်အောက်ကလေးငယ်နှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကာကွယ်ဆေးထိုးနှံ

**ကန့်ဘလူ စက်တင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ အသက် နှစ်နှစ်အောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင် မိခင်များအား ပုံမှန် ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာ ၁ ရက်က မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ ထိုးနှံပေးသည်။



ထိုသို့ကာကွယ်ဆေးထိုးနှံပေးရာတွင် ကျန်းမာရေးဝန်ထမ်းများက မြို့ပေါ်ရပ်ကွက် (၅) ရပ်ကွက်အတွင်းရှိ ကလေးငယ်များ၊ ကိုယ်ဝန်ဆောင် မိခင်များအား အသက်အရွယ် အပိုင်းအခြားအလိုက် ဆုံဆို့ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ (ဘီ)၊ ဂျပန်ဦးနှောက် အမြှေးရောင်၊ ငါးမျိုးစပ်ကာကွယ်ဆေး၊ ပိုလီယိုအကြောသေ၊ ဝက်သက်၊ ဂျိုက်သိုး၊ ပြင်းထန်အဆုတ်ရောင် ရောဂါ ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းများကို လည်းကောင်း၊ ကိုယ်ဝန်ဆောင် မိခင်များအား မေးခိုင်၊ ဆုံဆို့ကာကွယ်ဆေး ထိုးနှံပေးခြင်းများကို ကျန်းမာရေးဝန်ထမ်းများက စနစ်တကျထိုးနှံပေးသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံပေးရာတွင် အသက် နှစ်နှစ်အောက် ကလေးငယ် ၁၈၉ ဦး၊ ကိုယ်ဝန်ဆောင်မိခင် ၁၂ ဦးတို့ကို ထိုးနှံပေးခဲ့ကြောင်းနှင့် ကျန်ရှိသူများကိုလည်း ဆက်လက်ထိုးနှံပေးမည်ဖြစ်ကြောင်း ကျန်မာရေးဝန်ထမ်းများထံမှ သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ခရိုင်အဆင့် သုံးခရိုင်စုပေါင်းကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁**

(၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ခရိုင်အဆင့် ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၃၁ ရက်က မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ MCC ခန်းမတွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီ၊ မင်္ဂလာဒုံနှင့် လှည်းကူးခရိုင်တို့ပူးပေါင်း၍ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီ၊ မင်္ဂလာဒုံနှင့် လှည်းကူးခရိုင်တို့၏ (၂၅) ကြိမ်မြောက် ငွေရတု အထိမ်းအမှတ် အဆို၊ အက၊ အရေး၊ အတီး (ခရိုင်အဆင့်) ပွဲကျင်းပရေးဦးစီး ကော်မတီ ဥက္ကဋ္ဌ မှော်ဘီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်က အမှာစကား ပြောကြားပြီး ပြိုင်ပွဲကို မှော်ဘီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မင်္ဂလာဒုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကောင်းညွန့်၊ လှည်းကူးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးအောင်ဝင်းထူး၊ အဆိုအကဲဖြတ်ဒိုင် ဦးသန်းထွန်းလေးနှင့် တက္ကသိုလ်လဲ့လဲ့၊ အကအကဲဖြတ်ဒိုင် ဒေါ်နွဲ့နွဲ့စန်းနှင့် ဒေါ်နုနုစိန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(ဝဲပုံ)**



ထို့နောက် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ခရိုင်အဆင့်ပြိုင်ပွဲကို ကျင်းပကြရာ ပြိုင်ပွဲသို့ မှော်ဘီခရိုင်၊ မင်္ဂလာဒုံခရိုင်နှင့် လှည်းကူးခရိုင်တို့မှ ကိုယ်စားပြုမြို့နယ်များဖြစ်ကြသည့် မှော်ဘီမြို့နယ်၊ ထန်းတပင်မြို့နယ်၊ လှည်းကူးမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့မှ ဘာသာရပ် ၁၇ မျိုးအတွက် အဆိုပြိုင်ပွဲဝင် ၃၀၊ အကပြိုင်ပွဲဝင် လေးဦး၊ အရေးပြိုင်ပွဲဝင် လေးဦးနှင့် အတီးပြိုင်ပွဲဝင် ၅၁ ဦး စုစုပေါင်း ၈၉ ဦး သက်ဆိုင်ရာ ဘာသာရပ် ပြိုင်ပွဲအမျိုးအစားများအလိုက် ခရိုင်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများသို့ ဝင်ရောက် ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဆုရရှိသူများကိုလည်း တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သွားမည် ဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## သာယာဝတီခရိုင်အတွင်းရှိ ကျေးရွာချင်းဆက်လမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

**သာယာဝတီ စက်တင်ဘာ ၁**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနေဦးနှင့် ပဲခူးတိုင်းဒေသကြီးကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး၊ ဦးဗိုလ်ဗိုလ်မြင့်၊ သာယာဝတီခရိုင်မှူး ဦးသန်းမြတ်စိုးတို့သည် သာယာဝတီခရိုင်အတွင်းရှိ ဌာနဝန်ထမ်းများနှင့်တွေ့ဆုံပြီး ကျေးရွာချင်းဆက်လမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်ပြီးစီးမှုကို စက်တင်ဘာ ၁ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ဦးစွာ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်သည် သာယာဝတီခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ခရိုင်အတွင်းရှိ ဌာနဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဝန်ထမ်းများ၏ တင်ပြမှုအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် ကြို့ပင်ကောက်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ရုံးမြေနေရာကို ကြည့်ရှုသည်။

ယင်းနောက် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် နတ်တလင်းမြို့နယ်သို့ သွားရောက်၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် တင်ဒါအောင်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သည့် သရက်တပင်-ဝဲတဲကျေးရွာချင်းဆက်လမ်းအရှည် (၂/၀) မိုင်၊ အကျယ် ၁၄ ပေ၊ ထု ရှစ်လက်မ မြေနီကျောက်စရစ်လမ်းအဖြစ် အဆင့်မြှင့်တင်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် လမ်းဘေးဝဲ/ယာတွင် အရိပ်ရသစ်ပင်များ၊ သီးပင်စားပင်များ စိုက်ပျိုးထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးသန်းမြတ်စိုးက လိုက်လံရှင်းလင်းပြသရာ ဒုတိယညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။ **သက်ထက်**



**ကျေးရွာသစ်တော ထင်းမျောအိမ်တိုင် လှိုင်လှိုင်ရဖို့ စိုက်ပျိုးစို့**

# လမ်းလျှောက်ခြင်းနှင့် ကျန်းမာရေး

## ဒေါက်တာ ဇေယျာဝင်း



လမ်းလျှောက်ခြင်းဟာ ကုန်ကျစရိတ်မရှိတဲ့ သက်ရှည်ကျန်းမာစေတဲ့ နည်းလမ်းတစ်ခု ဖြစ်ပါတယ်။ နေ့စဉ် ပုံမှန်လမ်းလျှောက်ပေးခြင်းဖြင့် ဘဝတစ်လျှောက် ထူးကဲတဲ့ အကျိုးကျေးဇူးများစွာ ရရှိစေနိုင်ပါတယ်။

### လမ်းလျှောက်ခြင်းဘယ်ကစ

လမ်းလျှောက်ခြင်းဟာ လူသားတွေရဲ့ ပင်မသွားလာနည်း ဖြစ်ပါတယ်။ လမ်းလျှောက်ခြင်းကို လူသားတွေစတင်ခဲ့တာတော့မဟုတ်ပါဘူး။ လူသားတွေမတိုင်မီကတည်းက ကမ္ဘာဦးတိရစ္ဆာန်များစွာဟာ လမ်းလျှောက်သွားလာခဲ့ကြတာ ဖြစ်ပါတယ်။

အစောဆုံး လမ်းလျှောက်ခြင်းကို ရေထဲကနေ ကုန်းပေါ်ကို ပြောင်းရွှေ့နေထိုင်တဲ့ ရှေးရေသတ္တဝါတွေက စတင်ခဲ့တယ်လို့ သုတေသီတွေက ဆိုပါတယ်။ လူသားတွေကတော့ Homo erectus လို့ခေါ်တဲ့ မျိုးစိတ်အဆင့်ကိုရောက်မှ ခြေထောက်နှစ်ချောင်းပေါ်မှာရပ်ပြီး လမ်းလျှောက်တဲ့အလေ့ကို စတင်လုပ်ဆောင်လာကြခြင်းဖြစ်တယ်လို့ ယူဆကြပါတယ်။ လူသားတွေ လမ်းလျှောက်တဲ့အခါမှာ ခြေထောက်နှစ်ဖက်ကို အသုံးပြုခြင်းဟာ လက်နှစ်ဖက်လုံးကို လက်နက်ကိုင်တိုက်ခိုက်ရာမှာလည်းကောင်း၊ အစာရေစာသယ်ဆောင်ရာမှာလည်းကောင်း အပြည့်အဝ ပိုမိုအသုံးချနိုင်တဲ့အတွက်ကြောင့် ဖြစ်နိုင်တယ်လို့ ဇီဝဆင့်ကဲပြောင်းလဲမှုတွေကို လေ့လာတဲ့ပညာရှင်တွေက ဆိုပါတယ်။

လူသားမျိုးစိတ်မှာ ပထမဆုံးလမ်းလျှောက်သူတွေကတော့ ကမ္ဘာအနှံ့ စွန့်စားသွားလာသူတွေနဲ့ မုဆိုးတွေပဲ ဖြစ်ပါတယ်။ အဲဒီနောက်မှာတော့ လူသားတွေဟာ လမ်းလျှောက်ခြင်းကို ရည်မှန်းချက်အမျိုးမျိုးအတွက် အသုံးပြုလာခဲ့ကြပါတယ်။

### သမိုင်းတစ်လျှောက် လမ်းလျှောက်ကြခြင်း

ရှေးခေတ်က အရေးကြီးတဲ့သတင်းတွေနဲ့ စာတွေ အမြန်ဆုံးပို့ဆောင်ပေးဖို့ ခြေမြန်တော် (Foot Messenger) တွေကို အဓိကထား အသုံးပြုခဲ့ရတာ ဖြစ်ပါတယ်။ လမ်းလျှောက်ခြင်းနဲ့ စာပို့ခြင်းဟာ ခြေမြန်တော်တွေရဲ့ အဓိကတာဝန်တွေ ဖြစ်ခဲ့ပါတယ်။ ဒါကြောင့် ခြေမြန်တော်တွေက များသောအားဖြင့် လမ်းကြောင်းကျွမ်းကျင်မှုရှိပြီး ဘယ်အခြေအနေမျိုးမှာမဆို အောင်မြင်စွာရောက်ရှိအောင် သွားနိုင်သူတွေဖြစ်ပါတယ်။ အထူးသဖြင့် ရှေးအခါက ဂရိနဲ့ရောမပြည်တွေမှာ ခြေမြန်တော်တွေရဲ့ အခန်းကဏ္ဍဟာ အင်မတန်မှအရေးပါခဲ့တယ်လို့ သုတေသနကျမ်းတွေအရ သိရပါတယ်။

### လမ်းလျှောက်ကြမယ်

လမ်းလျှောက်ခြင်းက ကာယလေ့ကျင့်ခန်းတစ်ခုသာ မဟုတ်ပါဘူး။ ခန္ဓာကိုယ်လှုပ်ရှားမှုနဲ့အတူ ခြေလှမ်းတွေအပေါ်မှာ အာရုံစုစည်းခြင်းပြုနိုင်ပါတယ်။ အတွေးနယ်ချဲ့ပြီး စိတ်ကူးဉာဏ်ကွန့်မြူးနိုင်ပါတယ်။ ဒါကြောင့်မို့ လမ်းလျှောက်ခြင်းကနေ စိတ်တည်ငြိမ်အေးချမ်းမှု၊ တီထွင်ဖန်တီးနိုင်စွမ်းတွေကိုလည်း ရရှိစေပါတယ်။ လမ်းလျှောက်ခြင်းဟာ အရိုးရှင်းဆုံးနဲ့ အထိရောက်ဆုံး လေ့ကျင့်ခန်းတစ်မျိုးဖြစ်တဲ့အပြင် ကျန်းမာရေးအကျိုးကျေးဇူးများစွာလည်း ရရှိစေပါတယ်။ လမ်းလျှောက်ခြင်းမှတစ်ဆင့် ရုပ်ပိုင်းဆိုင်ရာကျန်းမာမှုနဲ့ စိတ်ပိုင်းဆိုင်ရာချမ်းသာသုခတို့ကို အထောက်အကူဖြစ်စေတဲ့ အချက်အလက်အချို့ကို မျှဝေလိုပါတယ်။

### နှလုံးနှင့်သွေးကြောကျန်းမာရေး

လမ်းလျှောက်ခြင်းဟာ သွေးလည်ပတ်မှုအားကောင်းစေပြီး သွေးဖိအားကို လျှော့ချပေးခြင်းဖြင့် နှလုံးကျန်းမာရေးကို ကောင်းမွန်စေပါတယ်။ နှလုံးကြွက်သားတွေကို အားကောင်းစေပြီး သွေးတွင်းရှိ မကောင်းတဲ့ ကိုလက်စထရောပမာဏကို ကျဆင်းစေခြင်းဖြင့် နှလုံးရောဂါနဲ့ လေဖြတ်နိုင်ခြေကို လျှော့ချပေးနိုင်ပါတယ်။

### ကိုယ်အလေးချိန်ထိန်းနိုင်ခြင်း

လမ်းလျှောက်ခြင်းက ကယ်လိုရီလောင်ကျွမ်းစေတာကြောင့် ကိုယ်အလေးချိန်ထိန်းဖို့ အထောက်အကူဖြစ်စေပါတယ်။ ပုံမှန်လမ်းလျှောက်ခြင်းဟာ ကျန်းမာတဲ့ ကိုယ်အလေးချိန်ကို ထိန်းသိမ်းဖို့နဲ့ အဝလွန်ခြင်းမှ ကာကွယ်နိုင်ပါတယ်။ ခန္ဓာကိုယ်ပင်ပန်းမှုနည်းတဲ့ လေ့ကျင့်ခန်းဖြစ်တဲ့အတွက် အချိန်ကြာကြာ စွဲစွဲမြဲမြဲပြုလုပ်နိုင်ပြီး လူအများအတွက်လည်း အလွယ်တကူပြုလုပ်နိုင်တဲ့ လေ့ကျင့်ခန်း ဖြစ်ပါတယ်။

### ကြွက်သားနဲ့အရိုးများသန်မာစေ

လမ်းလျှောက်ခြင်းဟာ ကြွက်သားတွေနဲ့ အရိုးတွေကို သန်မာစေဖို့လည်း အထောက်အပံ့ ဖြစ်စေပါတယ်။ အရိုးသိပ်သည်းဆ လျော့နည်းလာမှုကို နှေးကွေးစေပြီး အရိုးပွရောဂါနဲ့ အရိုးကျိုးနိုင်ခြေကို လျှော့ချပေးနိုင်ပါတယ်။ လမ်းလျှောက်ခြင်းဟာ အထူးသဖြင့် ခြေသလုံး၊ တင်ပါးနဲ့ ကျောရိုးရှိ ကြွက်သားခံနိုင်ရည်နဲ့ မာကျောမှုကိုလည်း တိုးတက်စေပါတယ်။

### အရိုးအဆစ်ကျန်းမာရေး

လမ်းလျှောက်ခြင်းက သွေးလည်ပတ်စီးဆင်းမှုကို အားကောင်းစေပြီး အရိုးအဆစ်တွေကို ချောမွတ်စေတာကြောင့် အဆစ်အမျက်ကျန်းမာရေးအတွက် အကျိုးပြုပါတယ်။ အဆစ်အမျက်ရောင်ရမ်းခြင်းလို အခြေအနေတွေကို ကာကွယ်ဖို့နဲ့ အသက်ကြီးလာတာနဲ့အမျှ ခန္ဓာကိုယ်လှုပ်ရှားနိုင်စွမ်းကို ဆက်လက်ထိန်းသိမ်းနိုင်ဖို့အတွက် ပုံမှန်လမ်းလျှောက်ခြင်းက အထူးအရေးကြီးပါတယ်။

### အစာချေဖျက်နိုင်မှုတိုးတက်စေခြင်း

လမ်းလျှောက်ခြင်းဟာ အစာအိမ်နဲ့ အူလမ်းကြောင်းကို နှိုးဆွပေးခြင်း၊ ဝမ်းမှန်စေခြင်းနဲ့ ဝမ်းချုပ်ခြင်းတို့ကို တားဆီးပေးခြင်းအားဖြင့် အစာချေဖျက်ခြင်းစနစ်ကို အထောက်အကူပြုပါတယ်။

### ကိုယ်ခံစွမ်းအား တိုးတက်စေခြင်း

ပုံမှန်လမ်းလျှောက်ခြင်းက ကိုယ်ခံအားစနစ်ကို မြှင့်တင်ပေးနိုင်ပြီး ခန္ဓာကိုယ်က ဖျားနာမှုတွေကို တိုက်ထုတ်နိုင်ပါတယ်။ သွေးတွင်းခုခံအားဆဲလ်တွေ လည်ပတ်မှုကိုတိုးစေပြီး ခန္ဓာကိုယ်ထဲ ဝင်ရောက်ကူးစက်တဲ့ ပြင်ပဇီဝပိုးမွှားတွေအပေါ် ခန္ဓာကိုယ်ရဲ့ တုံ့ပြန်မှုကို မြှင့်တင်ပေးနိုင်တယ်။

### စိတ်ပူပန်မှုနဲ့စိတ်ဖိစီးမှုများကိုလျှော့စေခြင်း

သဘာဝအရ စိတ်ကျေနပ်နှစ်သိမ့်မှုကိုဖြစ်စေတဲ့ အင်ဒိုဖင်(Endorphins)လို့ခေါ်တဲ့ ဟော်မုန်းထွက်ရှိမှုကို လမ်းလျှောက်ခြင်းဖြင့် ခန္ဓာကိုယ်မှ ပိုမိုထွက်ရှိစေပါတယ်။ ထို့ပြင် ကော်တီဆော (Cortisol) လို စိတ်ဖိစီးမှုဖြစ်စေတဲ့ ဟော်မုန်းထွက်ရှိမှုကိုတော့ လမ်းလျှောက်ခြင်းအားဖြင့် လျှော့ချပေးကာ စိတ်ဖိစီးမှုနဲ့ စိုးရိမ်သောကတွေကို သက်သာစေနိုင်ပါတယ်။ ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ပိုင်းဆိုင်ရာ တိုးတက်မှုတွေနဲ့ ဆက်စပ်နေပြီး စိတ်ကျရောဂါအပျော့စားမှ အလယ်အလတ်အဆင့်ထိ ခံစားနေရသူအချို့အတွက် ဓာတုဆေးဝါးတွေကဲ့သို့ ထိရောက်မှုရှိနိုင်တယ်။

### မှတ်ဉာဏ်နဲ့ ဦးနှောက်၏ စွမ်းဆောင်ရည်တိုးစေခြင်း

လမ်းလျှောက်ခြင်းဟာဦးနှောက်ကို သွေးစီးဆင်းမှုကို ကောင်းမွန်စေတဲ့အတွက် မှတ်ဉာဏ်နဲ့ အာရုံစူးစိုက်မှုတို့ကို တိုးတက်စေပါတယ်။ မှတ်ဉာဏ်ကျဆင်းမှုအန္တရာယ်ကို လျှော့ချနိုင်တဲ့အတွက် dementia နဲ့ Alzheimer's ရောဂါလို အခြေအနေတွေကိုကာကွယ်ဖို့ ကူညီပေးနိုင်ပါတယ်။ လမ်းလျှောက်ခြင်းကနေတစ်ဆင့် အတွေးနယ်ချဲ့နိုင်တာဖြစ်လို့ တီထွင်ဖန်တီးနိုင်စွမ်းကို မြှင့်တင်ပေးပြီး ပြဿနာဖြေရှင်းနိုင်မှုစွမ်းရည်ကို မြှင့်တင်ပေးနိုင်ပါတယ်။ စိတ်ကူးစိတ်သန်းတွေနဲ့ အမြင်သစ်တွေကို ဖြစ်ပေါ်စေနိုင်တဲ့အပြင် စိတ်ပိုင်းဆိုင်ရာ အပန်းပြေစေပါတယ်။

### လူမှုဆက်ဆံရေးအပေါ် အကျိုးသက်ရောက်မှု

အဖော်အပေါင်းနဲ့အတူ လမ်းလျှောက်ခြင်းဟာ လူမှုရေးဆိုင်ရာ အကျိုးကျေးဇူးတွေကို ပေးစွမ်းနိုင်ပြီး အဆက်အသွယ်တွေ တိုးပွားလာစေကာ အထီးကျန်မှုခံစားချက်ကို လျှော့ချပေးနိုင်ပါတယ်။ အုပ်စုလိုက်လမ်းလျှောက်ခြင်း သို့မဟုတ် လမ်းလျှောက်ကလပ်တွေဟာ လူမှုဆက်ဆံရေးနဲ့ ပံ့ပိုးကူညီမှုအတွက် ဘဝအခွင့်အလမ်းတွေကို ရရှိစေနိုင်ပါတယ်။

### စိတ်တည်ငြိမ်မှုနဲ့ စိတ်သက်သာရာရမှုအတွက် ဆောင်ရွက်သင့်သည့်လေ့ကျင့်ခန်း

ဗုဒ္ဓကျမ်းဂန်များအရ တရားထူး တရားမြတ်ရစေတဲ့ ကမ္မဋ္ဌာန်းစီးဖြန်းရာမှာ လျောင်း၊ ထိုင်၊ ရပ်၊ သွားဆိုတဲ့ ဣရိယာပုဒ်လေးပါးမှာ လျှောက်လှမ်းခြင်းဟာ တစ်ပါးအပါအဝင်ဖြစ်ပါတယ်။ သတိပဋ္ဌာန်တရားနဲ့ အခိုက်အတန့်မှာ ရှိနေခြင်းအပေါ် သိမှုကို မှတ်သားနိုင်ပါတယ်။ ဒါ့အပြင် လူတစ်ဦးချင်းစီကို နေ့စဉ်စိတ်ဖိစီးမှုတွေနဲ့ အဆက်အသွယ်ပြတ်စေပြီး စိတ်အပန်းဖြေမှုနဲ့ ကျန်းမာပျော်ရွှင်မှုကို မြှင့်တင်ပေးနိုင်ပါတယ်။ လူသားတွေဟာ နေ့စဉ်နဲ့အမျှ နည်းပညာတွေ၊ လုပ်ငန်းခွင်တွေ၊ စိတ်ဖိစီးမှုတွေနဲ့ ရင်ဆိုင်နေရတဲ့အတွက် အားလုံးနဲ့ အဆက်အသွယ်ဖြတ်ပြီး စိတ်အပန်းဖြေမှုနဲ့ ကျန်းမာပျော်ရွှင်မှုကို မြှင့်တင်ပေးဖို့အတွက် လမ်းလျှောက်သင့်ပါတယ်။

### လမ်းဘယ်လိုလျှောက်ကြမလဲ

ကျန်းမာရေးပညာရှင်တွေက တစ်နေ့ကို မိနစ် ၃၀၊ တစ်ပတ်မှာ ငါးရက်ပြုလုပ်ဖို့ အကြံပြုထားပါတယ်။ ပုံမှန်ခြေလှမ်းနဲ့ လျှောက်ခြင်းကလည်း လုံလောက်ပေမယ့် ခြေလှမ်းကျဲကျဲနဲ့ ခပ်မြန်မြန်လျှောက်ခြင်းကတော့ ကျန်းမာရေးနဲ့ ပိုမိုညီညွတ်ကြောင်း ဆိုပါတယ်။ မြေပြင်ညီလျှောက်ခြင်းထက် အတက်လမ်းတွေ လျှောက်ခြင်းကလည်း ကြွက်သားတွေ သန်မာစေမှုကို ပိုမိုတွန်းအားပေးပါတယ်။ အိမ်ပြင်ထွက် လမ်းလျှောက်ခြင်းကတော့ သန့်ရှင်းတဲ့လေ၊ အလင်းရောင်နဲ့ သဘာဝတရားတို့ကို ထိတွေ့ခံစားနိုင်တာကြောင့် ပိုမိုသင့်လျော်ကောင်းမွန်မှုရှိပေမယ့် အဆောက်အအုံအတွင်း လမ်းလျှောက်စက်နဲ့ဖြစ်စေ၊ ဒီအတိုင်းဖြစ်စေ လမ်းလျှောက်ရင်လည်း အကျိုးအာနိသင် မနည်းလှပါဘူး။ လမ်းလျှောက်ရင်း ထိခိုက်ဒဏ်ရာရခြင်းမှ ကာကွယ်ဖို့နဲ့ သက်သောင့်သက်သာရှိစေဖို့ သင့်လျော်တဲ့ ဖိနပ်ကိုဝတ်ဆင်ဖို့ အရေးကြီးပါတယ်။ ရေဓာတ်ပြည့်ဝနေခြင်းနဲ့ ရာသီဥတုအခြေအနေတွေကို သတိမူပြီး လမ်းလျှောက်ခြင်းအားဖြင့်လည်း ဘေးကင်းနိုင်မှာ ဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနဲ့ စိတ်ခံစားမှုဆိုင်ရာ အကျိုးကျေးဇူးများစွာနဲ့ စွယ်စုံရတဲ့ လေ့ကျင့်ခန်းတစ်ခုဖြစ်ပါတယ်။ နှလုံးသွေးကြော ကျန်းမာရေးကိုမြှင့်တင်ဖို့၊ စိတ်ခံစားချက်ကိုမြှင့်တင်ဖို့ ဒါမှမဟုတ် လူမှုဆက်ဆံရေးကို မြှင့်တင်ဖို့အတွက်ပဲဖြစ်ပါစေ လမ်းလျှောက်ခြင်းဟာ အလုံးစုံကျန်းမာရေးကို မြှင့်တင်ဖို့အတွက် အစွမ်းထက်တဲ့ ကိရိယာတစ်ခုဖြစ်ပါတယ်။ ရိုးရှင်းလွယ်ကူတဲ့လေ့ကျင့်ခန်း ဖြစ်တဲ့အတွက်လည်း အသက်အရွယ်မရွေး၊ လူတန်းစားမရွေး လုပ်ဆောင်နိုင်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

**“လမ်းလျှောက်ခြင်းဟာ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနဲ့ စိတ်ခံစားမှုဆိုင်ရာ အကျိုးကျေးဇူးများစွာနဲ့ စွယ်စုံရတဲ့လေ့ကျင့်ခန်းတစ်ခု ဖြစ်ပါတယ်။ နှလုံးသွေးကြောကျန်းမာရေးကိုမြှင့်တင်ဖို့၊ စိတ်ခံစားချက်ကိုမြှင့်တင်ဖို့ ဒါမှမဟုတ် လူမှုဆက်ဆံရေးကို မြှင့်တင်ဖို့အတွက်ပဲဖြစ်ပါစေ လမ်းလျှောက်ခြင်းဟာ အလုံးစုံကျန်းမာရေးကိုမြှင့်တင်ဖို့အတွက် အစွမ်းထက်တဲ့ ကိရိယာတစ်ခုဖြစ်ပါတယ်။ ရိုးရှင်းလွယ်ကူတဲ့ လေ့ကျင့်ခန်းဖြစ်တဲ့အတွက်လည်း အသက်အရွယ်မရွေး၊ လူတန်းစားမရွေးလုပ်ဆောင်နိုင်”**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ငါးအိုးကျေးရွာအတွင်း ဘက်စုံစိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် မော်ဖောင်း-ငါးအိုးကျေးရွာချင်းဆက် တံတားတည်ဆောက်ရေးလုပ်ငန်းအား ကြည့်ရှုစစ်ဆေး



**မြစ်ကြီးနား စက်တင်ဘာ ၁**

ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်းရှိ မြို့/ရွာများ သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ဩဂုတ် ၃၁ ရက်က မြစ်ကြီးနားမြို့ သီတာရပ်ကွက်အတွင်းနှင့် ဒူကထောင်ရပ်ကွက်အတွင်းရှိ အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများ၊ ဆရာ ဆရာမများနှင့်အတူ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြပြီး သန့်ရှင်းရေး လာရောက်ဆောင်ရွက်သူများအား မုန့်နှင့် ရေသန့်ဘူးများ ဖြန့်ဝေပေးခဲ့ကြသည်။

ထို့အတူ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဩဂုတ် ၃၀ ရက်က ငါးအိုးကျေးရွာအတွင်း တောင်သူဦးဆင်ဝါးနောင် ဦးဆောင်သည့် တောင်သူအစုအဖွဲ့ဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ဒုတိယနှစ်စက်ဝန်းမှ ချေးငွေကျပ်သန်း ၁၀၀ ဖြင့် ဆောင်ရွက်လျက်ရှိသည့် ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံ၌ ဆင်းကေရီ-၃ အထွက်တိုးမျိုးစပါးများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှုအခြေအနေများ၊ စပါးကွင်းပတ်လည်ရှိ ရေမြောင်းများအတွင်း ငါးခူကောင်ရေ ၇၀၀၀ မွေးမြူထားရှိမှုအခြေအနေများကို လည်းကောင်း၊ ဝက်ခြံ၌ စီးပွားဖြစ်အသားတိုးဝက်ကောင်ရေ ၁၀၀ မွေးမြူထားရှိမှုအခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး မွေးမြူရေးအထောက်အကူပြုဆေးဝါးများနှင့် ခြံဖျန်းပိုးသတ်ဆေးများကို ထောက်ပံ့ပေးအပ်ခဲ့ကာ အဆိုပါခြံဝင်းအတွင်း အသားစားကြက်ကောင်ရေ ၃၀၀၀ မွေးမြူနိုင်ရေးကြက်ခြံတည်ဆောက်နေမှုအခြေအနေများနှင့် ခြံဝင်းအတွင်း နှစ်ရှည်သီးနှံပင်များဖြစ်သည့် ဂရိတ်ဖရုသီးပင်များနှင့် လိုင်ချီးပင်များ ပြုစုပျိုးထောင်၍ နည်းစနစ်ကျစိုက်ပျိုးထားရှိမှုအခြေအနေများကို ကြည့်ရှုခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေကျပ်သန်း ၁၅၀၀ ဖြင့် တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၁)၊ တံတားအထူးအဖွဲ့(၁)က နန်းကွေ့ချောင်းပေါ်တွင် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မော်ဖောင်း-ငါးအိုးတံတား အရှည်ပေ ၃၀၀ ရှိ သံကူကွန်ကရစ်တံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ပြီး တံတားတည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများ၏ တံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ဘဏ္ဍာနှစ်သုံးနှစ် စီမံကိန်းဖြင့် ဆောင်ရွက်ရသည့်လုပ်ငန်း ဖြစ်သည့်အတွက် သတ်မှတ်ဘဏ္ဍာနှစ်အတွင်း စံချိန်စံညွှန်းနှင့်အညီ ပြီးစီးအောင်ဆောင်ရွက်ရေးနှင့် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မွေးမြူရေးတောင်သူများအား ဖြန့်ဝေပေးနိုင်ရေးအတွက် နေအိမ်အတွင်း ငါးခူသားပေါက်ကောင်ရေ ၁၀၀၀ စမ်းသပ်မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေး(**အပေါ်ဝဲပုံ**)ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မွန်ပြည်နယ် မော်လမြိုင်မြို့၌ ကရင်ရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနား ကျင်းပ



**မော်လမြိုင် စက်တင်ဘာ ၁**

ကရင်ရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနားကို စက်တင်ဘာ ၁ ရက် နံနက်ပိုင်းက မော်လမြိုင်မြို့ ဟုန်စံစီဘုံကျောင်းခန်းမဆောင်၌ ကျင်းပသည်။

ဦးစွာ ကျိုက်မရောမြို့နယ် ဖနုံကျေးရွာကရင်ယဉ်ကျေးမှုအဖွဲ့က ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး မွန်ပြည်နယ် ကရင်စာပေနှင့်ယဉ်ကျေးမှု အသင်းနာယက၊ ဆရာတော်က ဩဝါဒကထာ မြွက်ကြား၍ မွန်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်က ချည်ဖြူဖွဲ့မင်္ဂလာပွဲတော်သည် ကရင်လူမျိုးများ၏ မွန်မြတ်၍ တန်ဖိုးရှိသော ရိုးရာယဉ်ကျေးမှုပွဲတော် တစ်ခုဖြစ်ပြီး ကရင်လူမျိုးတို့နှင့်အတူ ဘိုးစဉ်ဘောင်ဆက်ပါရှိလာသည့် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းတစ်ခုလည်း ဖြစ်ကြောင်း၊ ကရင်လူမျိုးတို့၏ ဘဝဓလေ့နှင့်ကိုက်ညီစစ်မှန်သည့် ကရင်ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရန်၊ ကရင်အမျိုးသားတို့၏ ယဉ်ကျေးမှုကို မြတ်နိုးပြီး ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်လိုသော အသိစိတ်ဓာတ်များ ကိန်းအောင်းရှင်သန်စေရန်နှင့် ကရင်လူမျိုးအချင်းချင်း စည်းလုံးညီညွတ်မှုရှိစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်က မွန်ပြည်နယ် ကရင်စာပေနှင့်ယဉ်ကျေးမှု အသင်းအတွက် အလှူငွေကျပ်သိန်း ၂၀၀ အား ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြပြီး ချည်ဖြူဖွဲ့မင်္ဂလာပွဲဖြစ်ပေါ်လာပုံကို ကရင်ဘာသာဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ချည်ဖြူဖွဲ့မင်္ဂလာပွဲတွင် ပါဝင်သော ပစ္စည်းခုနစ်မျိုး၏ အဓိပ္ပာယ်ကို ကရင်ဘာသာဖြင့် ရှင်းလင်းပြောကြားပြီး ချည်ဖြူဖွဲ့မင်္ဂလာပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ စောအောင်ကျော်သိန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများက ကရင်ရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနားကို ပါဝင်ဆင်နွှဲခဲ့ကြသည်။

**စည်သူ(ပြန်/ဆက်)**

## ကျွဲလမ်းကျေးရွာ၌ အခြေခံအပ်ချုပ်စက်သင်တန်းဖွင့်

**အိမ်မဲ စက်တင်ဘာ ၁**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ကျွဲလမ်းကျေးရွာ ဓမ္မာရုံတွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုအခြေခံအပ်ချုပ်စက် သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ပြုလုပ်သည်။

အဆိုပါသင်တန်းတွင် အိမ်မဲမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်ကိုကိုဦးနှင့် တာဝန်ရှိသူတို့က သင်တန်းဖွင့် အမှာစကားနှင့် သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များကို ပြောကြားသည်။ အဆိုပါသင်တန်းတွင် သင်တန်းဆရာမ ဒေါ်ဇင်ညိုမြင့်က အခြေခံစက်ချုပ်နည်းကို တစ်လကြာ စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းသူ ၃၀ တက်ရောက် သင်ကြားလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ၂၀၂၄ ခုနှစ် စက်တင်ဘာလ ပထမ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအနည်းငယ်မှ အားအသင့်အတင့် ရှိနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း)နှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈ ရက်မှ ၁၀ ရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ၄ ရက်မှ ၇ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် တစ်ပေမှ သုံးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် နှစ်ပေမှလေးပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် တစ်ပေမှသုံးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် သုံးပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် နှစ်ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ပေမှ သုံးပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် နှစ်ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် တစ်ပေခန့်စီနှင့် တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

**မိုး/ဇလ**

# တိုင်းပြည်၏အနာဂတ်သည် လူငယ်များ၏အသိပညာနှင့် အလားအလာများအပေါ်တွင် မူတည်ကြောင်း ဥဇဘက်ကစ္စတန်သမ္မတပြောကြား


ဥဇဘက်ကစ္စတန်နိုင်ငံ၏ (၃၃) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပစဉ်။

**တာ့ရှ်ကင့် စက်တင်ဘာ ၁**
ဥဇဘက်ကစ္စတန်နိုင်ငံ၏ (၃၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို မြို့တော်တာ့ရှ်ကင့်၌ စက်တင်ဘာ ၁ ရက်တွင် ကျင်းပသည်။

ယခုအခမ်းအနားသည် လွတ်လပ်ရေး၏ တန်ဖိုးမဖြတ်နိုင်သည့် ကြီးမားသောအရေးပါမှုနှင့် သမိုင်းဝင်မှုကို မိမိတို့အားလုံး နက်နက်ရှိုင်းရှိုင်း နားလည်သဘောပေါက်စေခဲ့ကြောင်း ဥဇဘက်သမ္မတ ရှဗ်ခတ်မီယာဇီယိုရဗ်က လွတ်လပ်ရေးနေ့ အခမ်းအနားမိန့်ခွန်းတွင် ထည့်သွင်းပြောကြားသည်။

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ အချက်အလက်များအရ ဥဇဘက်ကစ္စတန်နိုင်ငံ၏ ပြည်တွင်းအသားတင် ထုတ်ကုန် (ဂျီဒီပီ) သည် ၂၀၂၃ ခုနှစ်တွင် ပထမဆုံးအကြိမ် အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ ကျော်သွားခဲ့ကြောင်း သိရသည်။

ထို့အပြင် ကမ္ဘာ့ဘဏ်ကလည်း ယခုနှစ်တွင် အဆိုပါနိုင်ငံ၏ ဂျီဒီပီ ၅ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းထားသည်။

ယင်းသည် လူမှုကဏ္ဍတိုးတက် မြင့်မားရေးနှင့် အရည်အသွေးမြင့် ပညာရေးစနစ် ထူထောင်နိုင်ရေး ကြိုးပမ်းအားထုတ်မှုများကို ထပ်ဟပ်စေခဲ့ကြောင်း၊ ထို့အတူတိုင်းပြည်၏ အနာဂတ်နှင့်ကောင်းမွန်သော စိတ်ကူးစိတ်သန်းများကို အကောင်အထည်ဖော်နိုင်ရေးသည် လူငယ်များ၏အသိပညာနှင့် အလားအလာများအပေါ်တွင် များစွာမူတည်သည်ဟု ၎င်းက ဆိုသည်။

**ဆင်ဟွာ**



# ကနေဒါနိုင်ငံ၏ ၂၀၂၃ ခုနှစ် တောမီးများကြောင့်ထွက်ရှိသည့် ကာဗွန်ထုတ်လွှတ်မှုသည် ၂၀၂၂ ခုနှစ် တစ်နှစ်လုံးစာထက် ပို၍များပြား

**အော့တဝါ စက်တင်ဘာ ၁**
ကနေဒါနိုင်ငံ၏ ၂၀၂၃ ခုနှစ် တော မီးလောင်မှုများကြောင့် ထွက်ရှိလာသည့် ကာဗွန်ထုတ်လွှတ်မှုပမာဏသည် နိုင်ငံအတွင်း ၂၀၂၂ ခုနှစ် ရုပ်ကြွင်းလောင်စာ အသုံးပြုမှုကြောင့် ထွက်ရှိလာသော ကာဗွန်ထုတ်လုပ်မှုထက် ပို၍များပြားကြောင်း သိပ္ပံပညာရှင်များ ပါဝင်သည့် အဖွဲ့တစ်ဖွဲ့က ခန့်မှန်းထားသည်။

စတုရန်းကီလိုမီတာ ၁၅၀၀၀၀ ခန့် လောင်ကျွမ်းရာမှ ထွက်ရှိခဲ့သည့် မီးခိုးငွေ့များသည် နယ်စပ်ဖြတ်ကျော်ကာ နယူးယောက်ကဲ့သို့ အမေရိကန်အရှေ့ဘက်ခြမ်းသို့ ပျံ့နှံ့သွားခဲ့သည်။

အပြည်ပြည်ဆိုင်ရာမှ သိပ္ပံပညာရှင်များပါဝင်သည့် အဖွဲ့သည် ၎င်းတို့၏သုတေသနကို သိပ္ပံဂျာနယ်တွင် ဖော်ပြခဲ့သည်။ ဂြိုဟ်တုနှင့် အခြားသောအချက်အလက်များအပေါ် အခြေခံကာ သုတေသနပြုလုပ်ခဲ့ခြင်း ဖြစ်သည်။ ပြီးခဲ့သည့်နှစ် မေလမှ စက်တင်ဘာလအတွင်း တောမီးကြောင့် အကြမ်းဖျင်းအားဖြင့် ကာဗွန်တန်ချိန် ၆၄၇ သန်းကို ထုတ်လွှတ်ခဲ့သည်ဟု ခန့်မှန်းထားသည်။

အဆိုပါပမာဏသည် ကနေဒါနိုင်ငံ၏ နှစ်စဉ်ရုပ်ကြွင်းလောင်စာ အသုံးပြုမှုကြောင့် ထွက်ရှိလာသည့် ကာဗွန်ပမာဏထက် လေးဆပို၍ များပြားကြောင်း သုတေသနအဖွဲ့က ပြောသည်။

ယင်းပမာဏသည် အိန္ဒိယနိုင်ငံ၏ ၂၀၂၂ ခုနှစ် ကာဗွန်ထုတ်လွှတ်မှုပမာဏနှင့် ယှဉ်နိုင်သည်။ ပူပြင်းခြောက်သွေ့သည့် ရာသီဥတုကြောင့် တောမီးများ ပျံ့နှံ့လောင်ကျွမ်းမှု ဖြစ်စေခဲ့သည်ဟု အဆိုပါအဖွဲ့က ပြောသည်။

**အင်န်အိတ်ချ်ကေ**

# တိုင်ဖွန်းမုန်တိုင်းရှန်ရှန် အားလျော့သွားသော်လည်း ဂျပန်နိုင်ငံသို့ မိုးကြိုးမုန်တိုင်းများ ဝင်ရောက်

**တိုကျို စက်တင်ဘာ ၁**
တိုင်ဖွန်းရှန်ရှန်သည် စက်တင်ဘာ ၁ ရက်တွင် အပူပိုင်းမုန်တိုင်းအဖြစ်သို့ အားပျော့သွားသော်လည်း ဂျပန်နိုင်ငံ၏ နေရာအတော်များများသို့ ပြင်းထန်သော မိုးကြိုးမုန်တိုင်းများ ဆက်လက်ဖြစ်ပေါ်ခဲ့သည်။

ဂျပန်မိုးလေဝသအေဂျင်စီ၏ အဆိုအရ ဂျပန်နိုင်ငံအလယ်ပိုင်း ပစိဖိတ်ကမ်းရိုးတန်းအနီးတွင် ပျက်ပြယ်လုနီးပါးဖြစ်နေသည့် ယခုနှစ်၏ (၁၀)ကြိမ်မြောက် တိုင်ဖွန်းမုန်တိုင်းသည် စက်တင်ဘာ ၁ ရက် မွန်းတည့်ချိန်တွင် အပူပိုင်းမုန်တိုင်းငယ်အဖြစ်သို့ အားလျော့သွားခဲ့သော်လည်း ဂျပန်နိုင်ငံအရှေ့ပိုင်းတွင် လေထုမတည်မငြိမ်ဖြစ်နေဆဲဖြစ်သည်။

ယနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲအထိ ကန်တိုမှ ကင်ကီဒေသများအထိ နေရာအနှံ့တွင် မိုးသည်းထန်စွာရွာသွန်းပြီး မိုးကြိုးမုန်တိုင်းများ ဖြစ်ပေါ်နေသည့်အပြင် စက်တင်ဘာ ၂ ရက်အထိ ပြင်းထန်သော လျှပ်စီးနှင့်အတူ မိုးကြိုးပစ်မှုများ ကြုံတွေ့နိုင်သည်။ ဆာအိတာမာ၊ ကာနာဂါဝါနှင့် ရှိဇုအိုကာစီရင်စုတို့တွင်လည်း မြေပြိုမှု သတိပေးချက်များ ဆက်လက်ထုတ်ပြန်ထားသည်။

မကြာသေးမီရက်များအတွင်း စံချိန်တင်မိုးရွာသွန်းမှုကြောင့် မြစ်ရေမြင့်တက်မှုနှင့်အတူ ဂျပန်နိုင်ငံအရှေ့ပိုင်းရှိ အချို့နေရာများတွင် နောက်ထပ်မိုးအနည်းငယ် ထပ်မံရွာသွန်းပါက တောင်ပြိုခြင်းနှင့် ရေကြီးခြင်းအန္တရာယ် တိုးမြင့်လာဖွယ်ရှိကြောင်း ဒေသတွင်းမီဒီယာများက ဖော်ပြသည်။

နိုင်ငံအနောက်တောင်ပိုင်းနှင့် အနောက်ပိုင်းဒေသများကို တိုင်ဖွန်းမုန်တိုင်းရှန်ရှန် ဖြတ်သန်းတိုက်ခတ်မှုကြောင့် မြေပြိုမှု၊ အိမ်ပြိုကျမှုနှင့် အခြားဖြစ်ရပ်များကြောင့် သေဆုံးသူခြောက်ဦးရှိကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားသည်။

**ဆင်ဟွာ**




# ဖိလစ်ပိုင်နိုင်ငံ၌ မျောက်ကျောက်ရောဂါဖြစ်ပွားသူ သုံးဦးထပ်မံတွေ့ရှိ

**မနီလာ စက်တင်ဘာ ၁**
ဖိလစ်ပိုင်နိုင်ငံ၌ မျောက်ကျောက်ရောဂါဖြစ်ပွားသူ သုံးဦးထပ်မံတွေ့ရှိသည့်အတွက် နိုင်ငံအတွင်း လက်ရှိ မျောက်ကျောက်ရောဂါဖြစ်ပွားသူစုစုပေါင်း ရှစ်ဦးရှိလာပြီဟု ကျန်းမာရေးဌာနက စက်တင်ဘာ ၁ ရက်တွင် ပြောသည်။

နောက်ထပ်ကူးစက်ခံရသည့် သုံးဦးတွင် မနီလာမြို့ပေါ်မှ အသက် ၂၉ နှစ်နှင့် ၃၄ နှစ်အရွယ် အမျိုးသားနှစ်ဦးနှင့် မနီလာတောင်ပိုင်းဒေသမှ အသက် ၂၉ နှစ်အရွယ် တစ်ဦးတို့ပါဝင်သည်ဟု ဖိလစ်ပိုင် ကျန်းမာရေးဝန်ကြီး သီယိုဒိုဟာဘိုဆာက ပြောသည်။ ယခင်လူနာငါးဦးကဲ့သို့ပင် ယခုထပ်မံကူးစက်ခံရသူများမှာလည်း MPXV clade 2 ကူးစက်ခံရခြင်းဖြစ်သည်ဟု ဟာဘိုဆာကပြောသည်။

မျောက်ကျောက်ရောဂါကူးစက်ခံရသည့် လူနာအသစ်များတွေ့ရှိမှုနှင့်အတူ ဖိလစ်ပိုင်နိုင်ငံတွင် ၂၀၂၂ ခုနှစ် ဇူလိုင်လအတွင်းမှစ၍ ယခုအချိန်အထိ ကူးစက်မှုပေါင်း ၁၇ ခုရှိပြီဖြစ်ကြောင်း ဖိလစ်ပိုင်းလက်ထောက် ကျန်းမာရေးဝန်ကြီး အဲဘတ်ဒိုမင်ဂိုက ပြောသည်။

ရောဂါကူးစက်ခံရသူ လူနာကိုးဦးမှာ ၂၀၂၃ ခုနှစ်ကတည်းက ပြန်လည်ကောင်းမွန်လာပြီဖြစ်ပြီး ကျန်ရှစ်ဦးမှာမူ ရောဂါကုသရန် စောင့်ဆိုင်းနေဆဲဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ ကျန်းမာရေးဌာနသည် လူနာများနှင့် အနီးကပ်ဆက်သွယ်မှုရှိသည့်လူများကို ဆက်လက်ခြေရာခံသွားမည်ဟု ဒိုမင်ဂိုက ပြောသည်။

**ဆင်ဟွာ**

# အိန္ဒိယနိုင်ငံ၌ ဗုံးလှန့်မှုကြောင့် ပြည်တွင်းလေကြောင်းလိုင်း လေယာဉ်တစ်စင်း လမ်းကြောင်းပြောင်းခဲ့ရ

**နယူးဒေလီ စက်တင်ဘာ ၁**
အာဏာပိုင်များသည် တနင်္ဂနွေနေ့တွင် ဗုံးလှန့်မှုဖြစ်ပွားပြီးနောက် ပြည်တွင်း လေကြောင်းလိုင်းတစ်ခုကို အိန္ဒိယနိုင်ငံအနောက်ပိုင်း မာဟာရာရှ်ထရာ ပြည်နယ်ရှိ လေဆိပ်တစ်ခုသို့ လမ်းကြောင်းပြောင်းခဲ့ရကြောင်း တာဝန်ရှိသူများက ပြောသည်။

လေယာဉ်အတွင်း ဗုံးခြိမ်းခြောက်ခံရသည့် သတင်းပို့မှုတစ်ခုတွေ့ရှိပြီးနောက် မက်ဒရာပရာဒက်ရှ်ပြည်နယ် ဂျာဘူးလ်ပေါ လေဆိပ်မှ တေလံဂါနာပြည်နယ် ဟိုင်းဒါရာဘတ် လေဆိပ်သို့ ဦးတည်ပျံသန်းလာသော IndiGo လေယာဉ်သည် မဟာရာရှ်ထရာ ပြည်နယ်ရှိ နတ်ဂ်ပေါလေဆိပ်သို့ လမ်းကြောင်းပြောင်းခဲ့ရခြင်း ဖြစ်သည်။

လေယာဉ် တစ်စင်းလုံးကို အလုံးစုံ စစ်ဆေးနိုင်ရန်အတွက် ခရီးသည်အားလုံးနှင့် လေယာဉ်အမှုထမ်းများကို လေယာဉ်ပေါ်မှ ဆင်းစေခဲ့ကြောင်း သိရသည်။ သို့သော်လည်း အမြန်တုံ့ပြန်ရေးအဖွဲ့သည် လေယာဉ်အတွင်း၌ သံသယဖြစ်ဖွယ် မည်သည့်တစ်စုံတစ်ရာကိုမှ မတွေ့ရှိခဲ့ပေ။

အိန္ဒိယနိုင်ငံတွင် ဒေလီအပါအဝင် စာသင်ကျောင်းများ၊ လေဆိပ်များ၊ ဈေးဝယ်စင်တာများနှင့် ဆေးရုံများ စသည်တို့ကို ပေးပို့သည့် လိမ်လည်ခြိမ်းခြောက်မှုများ ဆက်တိုက်ဖြစ်ပွားခဲ့သည့်အနက် ယင်းဖြစ်ရပ်မှာ နောက်ဆုံးအကြိမ် ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# စစ်ပြီး သုံးနှစ်ကြာသည်အထိ နိုင်ငံပြန်လည်တည်ဆောက်ရေးအတွက် ရုန်းကန်နေရသည့် အာဖဂန်

**နှယ်နီလင်း**

အမေရိကန် ဦးဆောင်သောတပ်ဖွဲ့များ အာဖဂန်နစ္စတန်မှ ဆုတ်ခွာသွားပြီးနောက် သုံးနှစ်အကြာသည့်အချိန်ထိ အနှစ် ၂၀ ကျော်ကြာမြင့်ခဲ့သည့် စစ်ပွဲကြောင့် ဒဏ်ရာဒဏ်ချက်များနှင့် ပိုမိုဆိုးရွားလာနေသည့် နိုင်ငံတကာပိတ်ဆို့အရေးယူမှုများအကြား နိုင်ငံပြန်လည်တည်ဆောက်ရေးအတွက် အာဖဂန်တို့ ရုန်းကန်နေရဆဲပင်။

တောင်ပိုင်းကန်ဒါဟာမြို့သို့ ဦးတည်နေသည့် ရာနှင့်ချီသော ကုန်တင်ကားများသည် အာဖဂန်နစ္စတန် မြို့တော်ကဘူးလ်လမ်းပေါ်တွင် တန်းစီနေသည်။ ယာယီတဲတစ်ခုတွင် ကုန်တင်ကားဒရိုင်ဘာ ဇူဘီယာရ်သည် အလုပ်တာဝန်ကို စောင့်ဆိုင်းရင်း နံပါတ်ကတ်တစ်ခုကို ဆုပ်ကိုင်ထားသည်။ သူနောက်ဆုံး လာရောက်ခဲ့သည့် ခရီးစဉ်သည် ရက်ပေါင်း ၄၀ ကျော်ပင်ရှိလေပြီ။

စစ်ပွဲအနိဋ္ဌာရုံများအကြားမှ အသက်ဘေးလွတ်မြောက်ခဲ့သော်လည်း ၎င်းနှင့် အခြားသော ခရီးဝေး ယာဉ်မောင်းများစွာသည် ယခုအခါ မတူညီသော စီးပွားရေးဆိုင်ရာ အကျပ်အတည်းများကို ရုန်းကန်ရင်ဆိုင်နေကြရသည်။

**စိန်ခေါ်မှုများပြည့်နှက်**

၂၀၂၁ ခုနှစ် ဩဂုတ် ၃၀ ရက်တွင် အမေရိကန်တပ်ဖွဲ့ဝင်များက အာဖဂန်နစ္စတန်၌ ၎င်း၏ နှစ်ပေါင်း ၂၀ ကြာ တည်ရှိမှုကို ရပ်ဆိုင်းခဲ့ပြီး ပဋိပက္ခကြောင့် နိုင်ငံကိုလည်း ပျက်စီးစေခဲ့သည်။ အမေရိကန်သည် စစ်ပွဲများကို အဆုံးသတ်စေခဲ့သော်လည်း စစ်ဒဏ်သင့်တိုင်းပြည်ကို ပြိုလဲသွားအောင် တွန်းပို့ခဲ့သည့် ပြင်းထန်သော စီးပွားရေးပိတ်ဆို့အရေးယူမှုများလည်း ဖြစ်ပေါ်စေခဲ့ပြီး ပြန်လည်ထူထောင်ရေး လမ်းကြောင်းကိုလည်း စိန်ခေါ်မှုများဖြင့် ပြည့်နှက်စေခဲ့သည်။

လွန်ခဲ့သည့် ၁၀ နှစ်က ဇူဘီယာရ်သည် အာဖဂန်နစ္စတန်ကို ကုန်စည်ပို့ဆောင်စဉ်တွင် သူနှင့် မကြာခဏ ခရီးသွားလေ့ရှိသည့် ရင်းနှီးသော သူငယ်ချင်း သုံးယောက်ရှိခဲ့ကြောင်း၊ လွန်ခဲ့သည့် ငါးနှစ်က ၎င်းတို့၏ ကုန်တင်ကားများသည် တံတားတစ်ခုကို ဖြတ်ကူးစဉ် အမေရိကန်၏ ဗုံးတစ်လုံး ကျရောက်ခဲ့ပြီး ၎င်း၏ သူငယ်ချင်း သုံးဦးစလုံး ချက်ချင်းသေဆုံးခဲ့သည့်အပြင် ဇူဘီယာရ်တစ်ဦးတည်းသာ အသက်ဘေးက သီသီလေး လွတ်မြောက်ခဲ့ကြောင်း ၎င်း၏အဖြစ်အပျက်ကို ပြန်ပြောင်းပြောပြသည်။

“နေ့ရောညပါ ကြောက်ရွံ့နေခဲ့ရတာပေါ့ဗျာ။ ခရိုင်တိုင်း၊ ရွာတိုင်းမှာ စစ်ပွဲတွေဖြစ်၊ နေရာတိုင်းမှာ မိုင်းတွေရှိတော့ တစ်နေ့ကို ကားသမား ၁၀ ယောက်လောက်သေတယ်” ဟု ၎င်းကဆိုသည်။

အာဖဂန်ကုန်တင် ယာဉ်မောင်းအများအပြားသည် အလားတူ ဆိုးရွားသော အတွေ့အကြုံများကို



အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့ကို အပေါ်စီးမှမျှော်ကြည့်နေသည့် အာဖဂန်နိုင်ငံသား နှစ်ဦး

ခံစားခဲ့ကြရသည်ဟုဆိုသည်။ အချို့သောသူများသည် ပဋိပက္ခကို လွန်မြောက်ခဲ့ကြသော်လည်း ပြင်းထန်သော စိတ်ပိုင်းဆိုင်ရာ ဒဏ်ရာဒဏ်ချက်များကိုမူ တစ်ပွေ့တစ်ပိုက်ကြီး ခံစားခဲ့ကြရသည်။

**ဆုံးရှုံးနစ်နာမှုအနန္တ**

နှစ်ပေါင်း ၂၀ ကြာ ပဋိပက္ခများအကြား အမေရိကန်တပ်ဖွဲ့ဝင်များက အာဖဂန်နစ္စတန်ရှိ ပြည်သူများအတွက် ဆုံးရှုံးနစ်နာမှုအနန္တကို ဖြစ်ပေါ်စေခဲ့သည့်အပြင် အရပ်သား ၃၀၀၀၀ ကျော်အပါအဝင် အာဖဂန်နိုင်ငံသား ၁၇၄၀၀၀ ကျော်သည် စစ်ပွဲအတွင်း အသက်ဆုံးရှုံးခဲ့ရပြီး လူဦးရေ၏ သုံးပုံတစ်ပုံနီးပါး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။

ထပ်ဆင့် ပေါက်ကွဲလက်နက်ပစ္စည်းများ စောင့်ကြည့်လေ့လာရေးညွန့်ပေါင်းအဖွဲ့၏ အဆိုအရ ၂၀၀၁ ခုနှစ်မှ ၂၀၀၂ ခုနှစ်အတွင်း အာဖဂန်နစ္စတန်တွင် ဗုံးအလုံးပေါင်း ၂၄၈၀၅၆ လုံးပါဝင်သော အတွဲလိုက်ဗုံး အလုံးပေါင်း ၁၂၂၈ လုံးကို အမေရိကန်တပ်များက ကြဲချခဲ့သည်။ မပေါက်ကွဲသေးသည့် ဗုံးတချို့သည် အာဖဂန်အရပ်သားများအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုတစ်ခုအဖြစ် ရှိနေဆဲဖြစ်ပြီး စစ်ကျန်ဗုံးလက်နက်များကြောင့် ကလေးငယ်များ သေဆုံးသည့် သတင်းများကိုလည်း လစဉ်ကြားနေရဆဲဖြစ်သည်။

စစ်ပွဲကြောင့် အာဖဂန်နစ္စတန်၏ အခြေခံအဆောက်အအုံများ ပျက်စီးခဲ့ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုခက်ခဲကာ လူသန်းပေါင်းများစွာ အသက်ရှင်ရပ်တည်ရန် ရုန်းကန်ခဲ့ရသည်။

- နှစ်ပေါင်း ၂၀ ကြာ ပဋိပက္ခများအကြား အမေရိကန်တပ်ဖွဲ့ဝင်များက အာဖဂန်နစ္စတန်ရှိ ပြည်သူများအတွက် ဆုံးရှုံးနစ်နာမှုအနန္တကို ဖြစ်ပေါ်စေခဲ့သည့်အပြင် အရပ်သား ၃၀၀၀၀ ကျော်အပါအဝင် အာဖဂန်နိုင်ငံသား ၁၇၄၀၀၀ ကျော်သည် စစ်ပွဲအတွင်း အသက်ဆုံးရှုံးခဲ့ရပြီး လူဦးရေ၏ သုံးပုံတစ်ပုံနီးပါး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရ
- အာဖဂန်ဘဏ်လုပ်ငန်းကဏ္ဍအပေါ် အမေရိကန်၏ ပိတ်ဆို့အရေးယူမှုများသည် နိုင်ငံခြားအရင်းအနှီးများ ဝင်ရောက်ရန် ခက်ခဲစေသည့်အပြင် အကြီးစားရင်းနှီးမြှုပ်နှံမှု စီမံကိန်းများကို ရပ်တန့်စေကာ နိုင်ငံတော်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းစဉ်ကို ပြင်းထန်သော အဟန့်အတားဖြစ်ပေါ်စေခဲ့

နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့၏ အဆိုအရ အာဖဂန်နစ္စတန်၏ တစ်ဦးချင်းဂျီဒီပီသည် အမေရိကန်စစ်တပ်သိမ်းပိုက်မှု အနှစ် ၂၀ အတွင်း အမေရိကန်ဒေါ်လာ ၇၀၀ မကျော်လွန်ခဲ့ပေ။

စစ်ပြီးချိန်မှစ၍ အာဖဂန်နစ္စတန်၌ အကြမ်းဖက်မှုလျော့ပါးခြင်းနှင့် ငြိမ်းချမ်းရေးကာလကို သိသိသာသာ ခံစားလာစေခဲ့သည်။ ကမ္ဘာလုံးဆိုင်ရာ အကြမ်းဖက်မှုညွှန်းကိန်းအရ ၂၀၂၃ ခုနှစ်တွင် အာဖဂန်နစ္စတန်၌ အကြမ်းဖက်သေဆုံးမှု ၅၁၉ မှု ကျဆင်းခဲ့သည်။ ၂၀၁၉ ခုနှစ်ကစ၍ အာဖဂန်နစ္စတန်သည် အကြမ်းဖက်မှုကြောင့် ထိခိုက်မှုအများဆုံးနိုင်ငံ မဟုတ်တော့ပေ။

အမေရိကန်ပြည်ထောင်စု၏ သိမ်းပိုက်မှု အနှစ် ၂၀ အတွင်း သွေးထွက်သံယိုမှုနှင့် အကြမ်းဖက်မှု အစီရင်ခံစာများက မီဒီယာများကို လွှမ်းမိုးထားခဲ့ပြီး စစ်ပွဲပြီးဆုံးသွားခြင်းကြောင့် နိုင်ငံလုံခြုံရေး အခြေအနေတွင် သိသာထင်ရှားစွာ တိုးတက်မှုရှိလာသည့်အပြင် ပြည်တွင်းသတင်းအချက်အလက် စီးဆင်းမှုများမှာလည်း ချုပ်ချယ်ခံရမှု မရှိတော့ကြောင်း ဝါရင့်အာဖဂန်သတင်းထောက်နှင့် နိုင်ငံရေးလေ့လာသုံးသပ်သူ နာဂျီဘူလာ အာမန်က မှတ်ချက်ချသည်။

“အခုလမ်းပေါ် ရောက်နေချိန်မှာဆိုရင် အမေရိကန်စစ်လေယာဉ်တွေ ပျံနေတာမရှိဘူး၊ လွန်ခဲ့တဲ့ သုံးနှစ်ကလို အဆက်မပြတ် ခြိမ်းခြောက်နေတဲ့ ပေါက်ကွဲသံတွေနဲ့ သေနတ်သံတွေကို ကြောက်စရာ မလိုတော့ဘူး” ဟု ဇူဘီယာရ်က တွေးတွေးဆဆ ပြောသည်။

ထိုပြင်းထန်သော ပဋိပက္ခများ ပြီးဆုံးသွားပြီဟုဆိုနိုင်သော်လည်း အာဖဂန်နစ္စတန်၏ ပြန်လည်တည်ဆောက်ရေးသည် ကြီးမားသော စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည်။ နိုင်ငံ ပြန်လည်တည်ဆောက်ရေးအတွက်အမေရိကန်၏ပိတ်ဆို့အရေးယူမှုများနှင့် အခြားစီးပွားရေး ဖိအားများသည် ဦးနှောက်ယိုစီးမှုနှင့် နိုင်ငံခြားငွေပြတ်လပ်မှုများ ဖြစ်ပေါ်လာစေပြီး အာဖဂန်နစ္စတန်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် ပြင်းထန်သော ကန့်သတ်ချက်များကို ဖြစ်ပေါ်စေလျက်ရှိသည်။

ကမ္ဘာ့ဘဏ်၏ ၂၀၂၄ ခုနှစ် ဧပြီလတွင် ထုတ်ပြန်သော အစီရင်ခံစာ၌ ဖေဖော်ဝါရီလကစ၍ အာဖဂန်၏ စားသောက်ကုန်ဈေးနှုန်းမှာ ၁၄ ဒသမ ၄ ရာခိုင်နှုန်း၊ အစားအစာမဟုတ်သော ပစ္စည်းများ၏ ဈေးနှုန်းများမှာ ၄ ဒသမ ၄ ရာခိုင်နှုန်းအထိ ကျဆင်းသွားကြောင်း ဖော်ပြခဲ့ပြီး အာဖဂန်နိုင်ငံ၏ စီးပွားရေး စွမ်းဆောင်ရည် ပြန်လည်ကောင်းမွန်လာမှုကို မီးမောင်းထိုးပြသခဲ့သည်။

သို့သော်လည်း အာဖဂန်ဘဏ်လုပ်ငန်းကဏ္ဍအပေါ် အမေရိကန်၏ ပိတ်ဆို့အရေးယူမှုများသည် နိုင်ငံခြားအရင်းအနှီးများ ဝင်ရောက်ရန် ခက်ခဲစေသည့်အပြင် အကြီးစား ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများကို ရပ်တန့်စေကာ နိုင်ငံတော် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းစဉ်ကို ပြင်းထန်သော အဟန့်အတား ဖြစ်ပေါ်စေခဲ့သည်။

**မတရားသောလုပ်ရပ်**

၂၀၂၂ ခုနှစ်တွင် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ၉/၁၁ တိုက်ခိုက်မှုများကြောင့် ထိခိုက်ခံစားရသူများအား လျော်ကြေးပေးရန်အတွက် ဆိုင်းငံ့ခံထားရသည့် အာဖဂန်ဗဟိုဘဏ်၏ ပိုင်ဆိုင်မှုများအနက်မှ အမေရိကန်ဒေါ်လာ ခုနစ်ဘီလီယံ၏ တစ်ဝက်ကို ခွဲဝေပေးရန် အမိန့်ထုတ်ပြန်ခဲ့သည်။ ဤလုပ်ရပ်သည် အာဖဂန်တို့ ရင်ဆိုင်နေရသော အခက်အခဲများကို ပိုမိုဆိုးရွားစေသည့် မတရားသော လုပ်ရပ်အဖြစ် လူအများက မြင်ကြသည်။

ခန့်မှန်းခြေအားဖြင့် အာဖဂန်လူမျိုး ၂၃ ဒသမ ၇ သန်းသည် ၂၀၂၄ ခုနှစ်တွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ လိုအပ်လျက်ရှိပြီး နိုင်ငံလူဦးရေ၏ ထက်ဝက်ကျော်မှာ ဆင်းရဲမွဲတေစွာ နေထိုင်နေရသည်။ အာဖဂန်နစ္စတန် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များနှင့် တုံ့ပြန်ရေးစီမံချက် ၂၀၂၄ အရ အကူအညီလိုအပ်နေသည့် အာဖဂန်နိုင်ငံသား ၁၇ ဒသမ ၃ သန်းအတွက် ထောက်ပံ့ပေးရန် လိုအပ်သည့် အမေရိကန်ဒေါ်လာ ၃ ဒသမ ၀၆ ဘီလီယံ မှာ ၂၀၂၄ ခုနှစ် မေ ၁၅ ရက်အထိ ရန်ပုံငွေ၏ ၁၆ ဒသမ ၂ ရာခိုင်နှုန်းသာ ရရှိခဲ့သည်။

“အမေရိကန် ပိတ်ဆို့အရေးယူမှုရဲ့ သားကောင်အစစ်အမှန်တွေဟာ အာဖဂန်ပြည်သူတွေပါပဲဗျာ၊ တရားမျှတမှုဆိုတာ ဘာလဲလို့သာ မေးခွန်းထုတ်ချင်တော့တယ်” ဟု နိုင်ငံရေးလေ့လာ သုံးသပ်သူ နာဂျီဘူလာ အာမန်က မှတ်ချက်ချသည်။ ။

**ကိုးကား - ဆင်ဟွာ**

# ပုဂံ၌ ဧရိယာ(၁၁)ပိုင်း သန့်ရှင်းရေးလုပ်ငန်းတစ်ပတ်လည်ပြီးစီး၍ ဧရိယာ (C နှင့် E) ကို စတင်ဆောင်ရွက်ရာတွင် ယခင်ထက်လုပ်ငန်းများ ထပ်ဖြည့်ဆောင်ရွက်လျက်ရှိ

**ရန်ကုန် စက်တင်ဘာ ၁**

ပုဂံကမ္ဘာ့အမွေအနှစ်ဒေသအတွင်း ဧရိယာ(၁၁) ပိုင်း သန့်ရှင်းသာယာလှပရေးလုပ်ငန်း တစ်ပတ်လည်ပြီးစီး၍ ဧရိယာ (C နှင့် E) ကိုစတင်ဆောင်ရွက်ရာတွင် ဘုရားအစုများကို မြင်ကွင်းကွယ်စေသော ချုံနွယ်ပိတ်ပေါင်းများရှင်းလင်းခြင်းနှင့် ငုတ်များ တူးထုတ်ခြင်းလုပ်ငန်းများကိုပါ ထပ်ဖြည့်ဆောင်ရွက်နေကြောင်း Bagan Archမှ သိရသည်။



ပုဂံဘုရားများ၏မြင်ကွင်းကို နှောင့်ယှက်လျက်ရှိသော ဒေသမျိုးရင်း မဟုတ်သည့် ကန္တာရပင်နှင့် သစ်ငုတ်များကို ကြိုးစားရှင်းလင်းနေ၍ ယခင်က မမြင်မတွေ့ရဖူးသည့် ပုဂံ၏ရှုခင်းများကိုမကြာမီ ဖူးမြော်ခွင့်ရကြတော့မည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်မျိုးဝင်းက ၎င်း၏ လူမှုကွန်ရက် စာမျက်နှာမှတစ်ဆင့် ပြီးခဲ့သည့်ရက်ပိုင်းက အသိပေး ရေးသားခဲ့သည်။

ပုဂံဒေသသည်စေတီပုထိုးဂူကျောင်းများပေါများပြီး ဧရိယာအားဖြင့်လည်း ကျယ်ပြန့်သော အမွေအနှစ်များ ပေါကြွယ်သည့် ဒေသတစ်ခုဖြစ်၍ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဒေသတစ်ခုဖြစ်သည်။ ထို့အပြင် ခရီးသွားဧည့်သည်များ၊ လေ့လာသူများ စိတ်ဝင်စားရာဒေသဖြစ်၍ လာရောက်သော ဧည့်သည်များ ပုဂံ၏ အလှသဘာဝကို ကောင်းစွာ ခံစားနိုင်ရန်၊ ဘေးအန္တရာယ်ကင်းစေရန်နှင့် အမွေအနှစ် အဆောက်အအုံများ သန့်ရှင်းသပ်ရပ်၍ ရေရှည်တည်တံ့စေရန် ရည်ရွယ်ပြီး နှစ်ပတ်လည် ပုံမှန် ဆောင်ရွက်ရန် စီမံချက်ရေးဆွဲပြီး ဧရိယာ (၁၁) ပိုင်း သတ်မှတ်၍ ရှေးဟောင်းအဆောက်အအုံများ၏ ရင်ပြင်တော်မှ ပေ၂၀ အကွာပတ်ပတ်လည်တွင် ပေါင်းမြက်ချုံနွယ်များ ရှင်းလင်းခြင်း၊ အပေါ်ပိုင်းတွင် ပေါက်ရောက်နေသော ပေါင်းမြက်များကို သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ ဆင်းတုတော်ရှိသော ဘုရားများ၏ လိုဏ်ပတ်လမ်းများရှိ ခိုချေးများ၊ ဖုန်များ၊ ပင့်ကူမျှင်များကို သန့်ရှင်းရေးဆောင်ရွက်ပြီး ဆင်းတုတော်များကို ရောင်တော်ဖွင့်ခြင်းလုပ်ငန်းများကို ဦးစားပေးအလိုက် ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားသည်။

ပုဂံကမ္ဘာ့အမွေအနှစ်ဒေသအတွင်း သန့်ရှင်းသာယာလှပစေရေးဆောင်ရွက်မှုအနေဖြင့် ၂၀၂၃ ခုနှစ် ဇူလိုင်လမှ စတင်ဆောင်ရွက်ခဲ့သောဧရိယာ(၁၁)ပိုင်း သန့်ရှင်းသာယာလှပရေးလုပ်ငန်းသည် တစ်ပတ်လည် ပြီးစီးပြီဖြစ်၍ ၂၀၂၄ ဩဂုတ် လဆန်း ၉ ရက်မှ စတင်၍ ဧရိယာ (C နှင့် E) ကိုစတင်ဆောင်ရွက်ခဲ့ရာ ဘုရားအစုများအား မြင်ကွင်းကွယ်စေသော ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်းနှင့် ငုတ်များကို တူးထုတ်ခြင်းလုပ်ငန်းများကိုပါ ထပ်ဖြည့်ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

လက်ရှိတွင်လည်း မိုးနည်းရပ်ဝန်းဖြစ်သည့် ပုဂံဒေသသို့ခရီးသွားဝင်ရောက်မှုမှာ ပွင့်လင်းရာသီကဲ့သို့ အလုံးအရင်းဖြင့် ခရီးသွားဝင်ရောက်မှုမရှိသော်လည်း နေ့စဉ်ပုံမှန်ခရီးသွားဧည့်သည် ဝင်ရောက်မှုရှိပြီး စနေ၊ တနင်္ဂနွေနှင့် အများပြည်သူရုံးပိတ်ရက်များတွင် ဧည့်သည့်ဝင်ရောက်မှုပိုများကြောင်းဒေသခံများထံမှ သိရသည်။ **MT**

❊ ကျောက်ပုံးမှ

ခြေစွမ်းအသာဖြင့် ဖိအားပေး ကစားနိုင်ခဲ့သော ချယ်ဆီးအသင်းသည် ပွဲချိန် ၂၅ မိနစ်တွင် ဦးဆောင်ဂိုးရရှိခဲ့ပြီး ပဲလ်မာ၏ ဖန်တီးမှုမှ နီကိုးလက်စ် ဂျက်ဆင်က သွင်းယူပေးခဲ့သည်။ ၎င်းသည် ဩဂုတ် ၂၅ ရက်က ဝုဖ်အသင်းကို ဂိုးပြတ် အနိုင်ရရှိခဲ့သော ပွဲစဉ် (၂) တွင်လည်း အသင်းအတွက် သွင်းဂိုးတစ်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။

ပထမပိုင်းတွင် ချယ်ဆီး အသင်းက ပြိုင်ဘက်ပဲလေ့စ် အသင်းဘက်သို့ ဂိုးရရှိနိုင်သည့် အခွင့်အရေးဖန်တီးမှု သုံးကြိမ်ရှိခဲ့ပြီး နှစ်ကြိမ်လွဲချော်ခဲ့သည်။ ပဲလေ့စ်အသင်းက ချယ်ဆီးအသင်းဘက်သို့ ဂိုးရရှိရန် နီးစပ်သည့် အခွင့်အရေး ဖန်တီးထားနိုင်ခြင်း မရှိပေ။

ဒုတိယပိုင်း ပွဲချိန် ၅၃ မိနစ်တွင် ပဲလေ့စ်အသင်း ချေပဂိုးရရှိခဲ့ပြီး ကွင်းလယ်တိုက်စစ်ကစားသမား အီဇီက သွင်းယူပေးခဲ့သည်။ ထို့နောက်တွင် နှစ်သင်းစလုံး လူစားလဲမှုများပြုလုပ်က သွင်းဂိုးရရှိရေး ကြိုးပမ်းလာသော်လည်း တစ်ဖက်နှင့်တစ်ဖက် ထပ်မံဂိုးသွင်းယူနိုင်ခြင်း မရှိသည့်အတွက် သရေရလဒ်ဖြင့် ပွဲပြီးဆုံးခဲ့ခြင်းဖြစ်သည်။

စက်တင်ဘာ ၁ ရက် ည ၇ နာရီက တစ်ချိန်တည်းယှဉ်ပြိုင်ကစားခဲ့သော နယူးကာဆယ်နှင့် စပါးအသင်း ပွဲစဉ်တွင် နယူးကာဆယ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

ည ၉ နာရီခွဲတွင် ယှဉ်ပြိုင်သည့် မန်ယူနှင့် လီဗာပူးတို့ပွဲတွင် လီဗာပူးက မန်ယူကို သုံးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။

**အောင်ဇော်**

## ရှမ်းရိုးရာအစားအစာ ခေါပုတ်ကို မလေးရှား၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့မှ မှာယူမှုများပြားနေ

**ရန်ကုန် စက်တင်ဘာ ၁**

ရှမ်းရိုးရာအစားအစာ တစ်မျိုးဖြစ်သော ခေါပုတ်ကို မလေးရှား၊ စင်ကာပူ၊ ထိုင်းနိုင်ငံတို့မှ မှာယူမှုများပြားနေကြောင်း မြဝတီကုန်စည်ဈေးကွက်မှ သိရသည်။

“ခေါပုတ်က မြန်မာပြည်အထက်ပိုင်း အင်းတော်၊ ရွှေဘို အထက်ဘက်ကစပြီး ကချင်ပြည်နယ်၊ မြစ်ကြီးနားအထိ၊ အဲဒီထွက်တဲ့ ရိုးရာဒေသအစားပေါ့။ စားသုံးသူက တော်တော်များပါတယ်။ မလေးရှား၊ စင်ကာပူ အထိပို့တယ်။ ထိုင်းဘက်ကတော့ အများဆုံးမှာကြတယ်။ မြဝတီဘက်ကနေ ပို့တာပေါ့။ စားသုံးသူများ တော့ အရောင်းသွက်တယ်” ဟု မြဝတီမြို့နယ်ရှိ ရှမ်းမလေး ဒေသထွက်အစားအစာများ လက်လီ၊ လက်ကားဖြန့်ချီရေး အရောင်းဆိုင်မှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

မြဝတီမြို့နယ်မှ ကုန်စည်များကို ပြည်ပနိုင်ငံများမှလည်း တစ်ဆင့်မှာယူမှုများရှိသဖြင့် ပြည်ပနိုင်ငံသို့ တင်ပို့ရသည့်မှာလည်း များပြားကြောင်း ဒေသစားသောက်ကုန် ကုန်သည်တစ်ဦး၏ ပြောပြချက်အရ သိရသည်။

ယခုနှစ်တွင် ရှမ်းခေါပုတ်ဈေးကောင်းရနေပြီး ပြည်တွင်း ဈေးကွက်အတွင်း နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် အခြားမြို့များမှလည်း မှာယူသူများရှိကြောင်း သိရသည်။

**Thit Taw**

## တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၃၀ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြိတ်မြို့ တပ်ပြင်ရပ် ပိတောက်လမ်း အမှတ်(၃)၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၈၃၃၅၉၇ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

### အရေးယူဆောင်ရွက်

ထို့အတူ ဩဂုတ် ၃၀ ရက်တွင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ လုပ်ငန်းသုံးပစ္စည်း ကိုးမျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၃၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက် လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၃၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံစစ်ဆေး ရေးစခန်း၌ တောင်ကြီးမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက် အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း နှစ်မျိုးနှင့် လုပ်ငန်း သုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၆၄၀၀၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ပုသိမ်ကြီးမြို့နယ် ထုံးဘိုကတ္တားဂိတ်အနီး၌ မိုင်းလားမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာ သော မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက် အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ရှစ်မျိုးနှင့် လုပ်ငန်း သုံးပစ္စည်း ၁၀ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၁၈၇၃၉၀၀) နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck နှစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၃၆၈၆၁၃၉၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး(ယာပုံ) အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ဩဂုတ် ၃၀ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်လမြိုင်မြို့မှ နေပြည်တော်သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Golden Dragon Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကိုလည်းကောင်း၊ မြန်မာ့ စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင် စာရွက် စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၃၉၀၀၀၀)ကိုလည်းကောင်း၊ MITT ဆိပ်ကမ်း၌ ကုန်သေတ္တာကိုးလုံးအတွင်းမှ ပင်ရင်းနိုင်ငံကွဲလွဲနေသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၁၇၁၅၂၄၇) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ လေဆိပ် (သွင်းကုန်)၌ တရားဝင်တင်သွင်းခွင့် အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၀၇၄၁၄) ကို လည်းကောင်း၊ ဩဂုတ် ၃၁ ရက်တွင် အေးရှားဝေါလ်ကုန် သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ၃၉ လုံးအတွင်းမှ သွင်းကုန် ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာ ပါရှိလာသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၂၀၁၃၅၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၇၉၂၆၁၆ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။



### သစ်တောဥပဒေနှင့်အညီအရေးယူ

ဩဂုတ် ၃၁ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့ က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၁၁ ဒသမ ၂၁၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈၇၀၄၃၂) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက် လျက်ရှိသည်။

သို့ဖြစ်၍ ဩဂုတ် ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၇ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁၄၂၇၉၀၉၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ မှ သိရသည်။

**သတင်းစဉ်**

# ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင် ဒေသဖွံ့ဖြိုးရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကြည့်ရှုစစ်ဆေး

**လွိုင်ကော် စက်တင်ဘာ ၁**

ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒေသဖွံ့ဖြိုးရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် စီမံဆောင်ရွက်လျက်ရှိရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ သီရိမင်္ဂလာ(ယာယီ)ဈေးသို့ သွားရောက်၍ ဈေးအတွင်း ပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်ဆောင်ရွက်မှုဖြင့် ပြည်သူများအား သက်သာသောနှုန်းထားဖြင့် စားသုံးဆီရောင်းချပေးနေသည့် အခြေအနေကိုကြည့်ရှုခဲ့ပြီး သတ်မှတ်နှုန်းထားအတိုင်း ရောင်းချနေမှု ရှိ မရှိနှင့် ရောင်းချသည့် အခြင်အတွယ် မှန်ကန်မှုရှိစေရေး အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ပြီး ဆီသုံးစွဲဝယ်ယူလျက်ရှိသော ပြည်သူများ၊ ဈေးသူဈေးသားများအား တွေ့ဆုံအားပေးစကား ပြောကြားခဲ့သည်။

ထို့နောက် သီရိမင်္ဂလာဈေးအသစ် တည်ဆောက်ရေး လုပ်ငန်းခွင်သို့သွားရောက်၍ ဈေးဆိုင်ခန်းတည်ဆောက်နေမှု၊ မြေတူးဖော်ခြင်းလုပ်ငန်း၊ ရေနုတ်မြောင်းများ ဆောင်ရွက်မည့်အစီအမံများ၊ ဈေးဆိုင်ခန်းများ တည်ဆောက်နေမှု စနစ်တကျရှိစေရေး၊ ယာယီပျံကျဈေးသည်များ အမိုးအကာနှင့် အမြန်ဆုံးရောင်းဝယ်နိုင်ရေး၊ ဈေးကောက်နှုန်းထားများ သတ်မှတ်ချက်နှင့်အညီ ကောက်ခံရေးတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းများပြီးစီးနိုင်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့ပြီး တင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ဈေးတည်ဆောက်မှုလုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးနှင့် ဆောက်လုပ်ရေးသုံးပစ္စည်းများ သတ်မှတ်အရည်အသွေးပြည့်မီစေရေးတို့ကို သက်ဆိုင်ရာတာဝန်ရှိသူများက စစ်ဆေးကြပ်မတ်သွားရန် မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဒေါတမရပ်ကွက်ရှိ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် လမ်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ရန်အောင်လမ်း ကျောက်စီရေမြောင်း တည်ဆောက်ခြင်းကို သွားရောက်ကြည့်ရှုစစ်ဆေးကာ ရေစီးရေလာကောင်းမွန်စေရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးနှင့် အရည်အသွေးပြည့်မီစေရေးတို့ကို စစ်ဆေးကြပ်မတ်ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ထို့နောက် နမ့်ဘော်ဝမ်(ခ)ရပ်ကွက်ရှိ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနသို့ သွားရောက်ကာ ပြည်နယ်အတွက် လိုအပ်သည့် ငါးသားပေါက်များ ဖြန့်ဖြူးပေးနိုင်ရေး၊ ငါးမွေးတောင်သူများအား ငါးဆေးထိုးသားဖောက်နှင့် ငါးမွေးမြူရေးသင်တန်းများ ဆောင်ရွက်ပေးနိုင်ရေး၊ ပြည်နယ်ပြန်လည်ထူထောင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ငါးသားပေါက်ကန်များ တည်ဆောက်နေမှုကိုလည်းကောင်း၊ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ပြည်သူ့အငှားအိမ်ရာဝင်း ခြံစည်းရိုးအုတ်တံတိုင်း တည်ဆောက်နေမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ပြီး တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး ကြပ်မတ်ဆောင်ရွက်သွားရန်နှင့် ပြည်သူ့အငှားအိမ်ရာတွင် နေထိုင်မည့် ဝန်ထမ်းများနှင့် ပြည်သူများအား စနစ်တကျပြန်လည်နေရာချထားပေးသွားရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**



ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင် သီရိမင်္ဂလာဈေးအသစ် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။

# နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း စာကြည့်တိုက်များအတွက် ရန်ပုံငွေပေးအပ်ခြင်းနှင့် စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းပွဲတက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁**

ပြည်ထောင်စုနယ်မြေနေပြည်တော် ဥတ္တရသီရိမြို့နယ်၌ ကျေးရွာစာကြည့်တိုက်များအတွက် ရန်ပုံငွေပေးအပ်ခြင်းနှင့် စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဩဂုတ် ၃၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် အလှူရှင်များ တက်ရောက်ခဲ့သည်။



ဦးစွာ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက ဥတ္တရသီရိမြို့နယ်အတွင်း ကျေးရွာစာကြည့်တိုက် ကိုးတိုက် ဆောက်လုပ်သွားမည်ဖြစ်ပြီး အနာဂတ်လူငယ်လူရွယ်များ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စာကြည့်တိုက်များ အကောင်အထည်ဖော်တည်ဆောက်ခြင်း ဖြစ်ကြောင်း၊ စာကြည့်တိုက်များတွင် ဂျာနယ်၊ သတင်းစာနှင့် အထွေထွေ ဗဟုသုတ ရရှိစေမည့်စာအုပ်များ၊ ဉာဏ်အလင်းဖွံ့ဖြိုးစေမည့် သုတရသနှင့်ပတ်သက်သည့် စာအုပ်၊ စာစောင်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် သက်ဆိုင်သည့် စာအုပ်စာစောင်များကို ထားရှိ၍ ဖတ်ရှုလေ့လာစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်နှင့် ဥတ္တရခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေဝင်းတို့က ကျေးရွာစာကြည့်တိုက်များအတွက် စာကြည့်တိုက် တစ်တိုက်လျှင် မတည်ရန်ပုံငွေသိန်း ၁၀၀ နှုန်းဖြင့် စာကြည့်တိုက် သုံးတိုက်အတွက် မတည်ရန်ပုံငွေသိန်း ၃၀၀ ကို ပေးအပ်ရာ ကျေးရွာစာကြည့်တိုက်ကော်မတီဝင်များက လက်ခံရယူခဲ့သည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်က ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်များ ပေးအပ်လှူဒါန်းရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဗိုလ်မှူး ပြည့်ဖြိုးမင်းမှ လက်ခံယူသည်။

ယင်းနောက် ကျေးရွာစာကြည့်တိုက်များအတွက် မြို့နယ်သမဝါယမဦးစီးဌာနမှ သမဝါယမအကြောင်း သိကောင်းစရာစာအုပ်များ၊ မြို့နယ်လမ်းဦးစီးဌာနမှ ကျေးလက်ဒေသ ပြည်သူများအတွက် အသိပညာပေးစာအုပ်များ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သုတရသ စာအုပ်စာစောင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများမှ သုတ၊ ရသ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ ကာတွန်းစာအုပ်များ၊ မြို့နယ် MSME အသင်းမှ သုတ၊ ရသစာအုပ်များနှင့် ပရိဘောဂပစ္စည်းများကို ပေးအပ်လှူဒါန်းရာ နေပြည်တော်ကောင်စီဝင်က လက်ခံယူခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ပြန်/ဆက်)**

# မွေးစမှအသက်တစ်နှစ်ခွဲအောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများထိုးနှံ

**ကျွန်းလှ စက်တင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ မွေးစမှ အသက်တစ်နှစ်ခွဲအောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ ဆောင်ရွက်ပေးခဲ့သည်။

ကျွန်းလှမြို့နယ်အတွင်းရှိ မွေးစမှ အသက် တစ်နှစ်ခွဲအောက် ကလေးငယ်များ ကျန်းမာသန်စွမ်းပြီး ရောဂါဘယကင်းဝေးစေရန်အတွက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ပုံမှန်ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိသည်။

ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကိုယ်ဝန်ဆောင်မိခင်များအား ကာကွယ်ဆေးများ ထိုးနှံပေးခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကျန်းမာရေးဆိုင်ရာအသိပညာပေးခြင်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းညို (ကျွန်းလှ)**

# ခရိုင်အဆင့် (၂၅)ကြိမ်မြောက် ငွေရတု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပ

**စစ်ကိုင်း စက်တင်ဘာ ၁**

စစ်ကိုင်းခရိုင်အဆင့် (၂၅)ကြိမ်မြောက်၊ ငွေရတုအထိမ်းအမှတ် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက စစ်ကိုင်းပညာရေးတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ပြုလုပ်သည်။

ဖွင့်ပွဲအခမ်းအနားတွင် စစ်ကိုင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးအောင်က မြန်မာလူမျိုးများ အနေနှင့် သမိုင်းကြောင်းနှင့်အတူ ယှဉ်တွဲဖြစ်ထွန်းလာသည့် ရိုးရာယဉ်ကျေးမှုများ၊ အနုသုခုမများ၊ ဓလေ့ထုံးတမ်းများသည် မြန်မာ့အမျိုးသားဟန်ကို ကိုယ်စားပြုသည့် ယဉ်ကျေးမှုစရိုက်လက္ခဏာများဖြစ်ကြောင်း၊ ယဉ်ကျေးမှုနယ်ပယ်တွင် မိမိတို့၏ အမျိုးသားယဉ်ကျေးမှုများ မပျောက်ပျက်အောင် ထိန်းသိမ်းထားခြင်းသည် နိုင်ငံသားတို့၏ မျိုးချစ်စိတ်ဓာတ်ရှင်သန်မှု၊ စည်းလုံးညီညွတ်မှုများကို ပြသနိုင်ခြင်းဖြစ်ကြောင်း၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး၏ မွန်မြတ်သည့် ဦးတည်ချက်များအတိုင်း အသွင်သဏ္ဌာန်ရောအနှစ်သာရပိုင်းပါ ပြည့်ဝအောင်မြင်ရေး ကြိုးပမ်းကြရာမှာ ပြိုင်ပွဲဝင်အနုပညာရှင်များဖြစ်ကြောင်း ခရိုင်/ တိုင်းဒေသကြီး/ နိုင်ငံ့ဂုဏ်ဆောင်သည့် အနုပညာရှင်များဖြစ်အောင် ကြိုးစားကြရန် ပြောကြားခဲ့ပြီး တာဝန်ရှိသူများနှင့်အတူ ပြိုင်ပွဲအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။




စစ်ကိုင်းခရိုင်အဆင့် (၂၅)ကြိမ်မြောက်၊ ငွေရတု အထိမ်းအမှတ် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် သက်ဆိုင်ရာဘာသာရပ်အလိုက် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် အနုပညာရှင်များအား ညနေပိုင်းတွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်မြင့်နိုင်**

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ၊ လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။

# ပြည်သူ့စစ်မှုထမ်းဆိုင်ရာ သိကောင်းစရာများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ - ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည်အမျိုးသမီးများ ( အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်း မသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တ ပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။
**မှတ်ချက်။** အကယ်၍ ၎င်း သားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေ လိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါ လျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

( ခ ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက်တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူ ဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

( ဂ ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့ နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

( ခ ) နိုင်ငံ့ဝန်ထမ်းများ။

( ဂ ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

( င ) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက် သေဆုံးသွားခြင်း။

( ခ ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆ ဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေ လိုအပ်နေသူဖြစ်ခြင်း။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

**အသိပေးသတင်းထုတ်ပြန်**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဩဂုတ် ၃၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Win Swe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် အမှတ် (၄)ရပ်ကွက်နေ ဝင်းဆွေအား မွန်းလွဲ ၁၂ နာရီခွဲတွင်လည်းကောင်း၊ “Phyo Sithu” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် သရက်ကုန်းကျေးရွာနေ ဖြိုးစည်သူအား ည ၈ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

**ထိရောက်စွာ အရေးယူသွားမည်**

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ခရမ်းစတိုးအထွေထွေစီးပွားရေးလုပ်ငန်း သမအသင်းလီမိတက် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**ခရမ်း စက်တင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ခရမ်းစတိုး၊ အထွေထွေစီးပွားရေးလုပ်ငန်း သမအသင်းလီမိတက်၏ ၂၀၂၃ -၂၀၂၄ ဘဏ္ဍာနှစ် ၁၂ လအတွက် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဩဂုတ် ၃၁ ရက်က ခရမ်းစတိုး အသင်းရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရမ်းမြို့နယ် သမဝါယမဦးစီးအရာရှိနှင့် အသင်းဥက္ကဋ္ဌ ဦးခင်မောင်သိန်း(သဘာပတိ)တို့က အမှာစကားပြောကြားခဲ့ပြီး ၂၀၂၃ -၂၀၂၄ ဘဏ္ဍာနှစ် ၁၂ လအတွက် တင်သွင်းသည့် ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုနှင့် ဘဏ္ဍာနှစ်ချုပ်စာရင်း၊ အကျိုးအမြတ်ခွဲဝေမှုစာရင်းများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြကာ အသင်းဝင်သားသမီးများအား ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်သည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ ခရမ်းမြို့နယ်သမဝါယမဦးစီးအရာရှိ ဒေါ်ခင်သန္တာအောင်နှင့်ဝန်ထမ်းများ၊ အစုရှယ်ယာရှင် အသင်းသူ အသင်းသားများ၊ ခရမ်းစတိုး အထွေထွေစီးပွားရေးလုပ်ငန်း သမအသင်းဝန်ထမ်းများ တက်ရောက်သည်။

**ကိုမင်း (ခရမ်း)**



# ရာသီဥတုထိန်းညှိခြင်းနှင့် ငါးလုပ်ငန်းဖွံ့ဖြိုးရေး အရေးပါသော ပင်လယ်မြက်ဂေဟစနစ်

သိန်းညွန့်(PZL)

ကမ္ဘာ့သဘာဝပတ်ဝန်းကျင်သည် "ဂေဟစနစ်" များဖြင့် ကာကွယ်ထိန်းသိမ်းထားခြင်း ဖြစ်ပါသည်။ တောင်တန်းဂေဟစနစ်၊ သစ်တောဂေဟစနစ်၊ ရေဝပ်ဒေသဂေဟစနစ်၊ ဒီရေတောဂေဟစနစ် စသည်တို့ဖြင့် ကမ္ဘာမြေကို ကာကွယ်ထားပေရာ "ပင်လယ်မြက်ဂေဟစနစ်"သည် လူသိနည်းသော ဂေဟစနစ်တစ်မျိုးဖြစ်သည်။

**ပင်လယ်မြက်မျိုးစိတ် ၁၁ မျိုး တွေ့ရှိ**

ပင်လယ်ပြင်တွင် ပန်းပွင့်သည့် တစ်မျိုးတည်းသော အပင်အမျိုးအစား သည် ပင်လယ်မြက်ပင် ဖြစ်သည်။ ကမ္ဘာ တစ်လွှား ပင်လယ်မြက်မျိုးစိတ် စုစုပေါင်း ၆၀ ခန့်ရှိသည့်အနက် မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းနှင့် တနင်္သာရီ ကမ်းရိုးတန်းတို့တွင် ပင်လယ်မြက် မျိုးစိတ် ၁၁ မျိုး တွေ့ရှိမှတ်တမ်းပြုထားသည်။

ပင်လယ်မြက်ခင်းဂေဟစနစ်သည် ပင်လယ် သတ္တဝါများ နေထိုင်ကျက်စားရန်အတွက် အစားအစာနှင့်အကာအကွယ်များပေးပြီး ငါးလုပ်ငန်းဖွံ့ဖြိုးရေးအတွက် အရေးပါလှသော ဂေဟစနစ်ဖြစ်၍ စနစ်တကျ ထိန်းသိမ်းရန် ကမ္ဘာ့နိုင်ငံများက စီမံချက်များ ချမှတ်ဖော်ဆောင်လျက်ရှိကြောင်း သိမှတ်ရပေသည်။

> **ပန်းပွင့်သည့် တစ်မျိုးတည်းသော အပင်အမျိုးအစားသည် ပင်လယ်မြက်ပင် ဖြစ်သည်။ ကမ္ဘာတစ်လွှား ပင်လယ်မြက်မျိုးစိတ် စုစုပေါင်း ၆၀ ခန့်ရှိသည့်အနက် မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းနှင့် တနင်္သာရီ ကမ်းရိုးတန်းတို့တွင် ပင်လယ်မြက်မျိုးစိတ် ၁၁ မျိုး တွေ့ရှိမှတ်တမ်းပြုထား**

မြန်မာနိုင်ငံတွင်လည်း မြန်မာ့အဏ္ဏဝါ သိပ္ပံအသင်းက "ပင်လယ်မြက်ဂေဟစနစ်" ကာကွယ် ထိန်းသိမ်းရေး အတွက် ဧရာဝတီတိုင်းဒေသကြီး ရွှေသောင်ယံမြို့နယ် မကျီးဒေသ၌ ငါးလုပ်ငန်းဦးစီးဌာန ဒေသခံ ကျေးရွာပြည်သူများနှင့် လက်တွဲပူးပေါင်းကာ ဆောင်ရွက်လျက် ရှိကြောင်း သတင်းစကား ကြားသိရပါ၏။



**ကာဗွန်ကိုစုပ်ယူ သိုလှောင်**

ပင်လယ် မြက်ခင်းများသည် လေထုအတွင်းရှိ ကာဗွန်ကို စုပ်ယူ၍ သိုလှောင်ထားနိုင်ပေရာ အပူပိုင်း မုတ်သုံသစ်တော၏ စုပ်ယူမှုနှုန်းထက် ပင် ၃၅ ဆပို၍ စုပ်ယူနိုင်ပြီး ပင်လယ်ရေသတ္တဝါများ အတွက် အောက်ဆီဂျင်ဓာတ်များပါ ထုတ်ပေးနိုင်စွမ်းရှိကြောင်း သိမှတ်ရပါသည်။ ထို့ပြင် ရေထဲ ရှိ အမှုန်အမွှားများကို စုပ်ယူခြင်းဖြင့် ပင်လယ်ရေကို သန့်စင်စေပြီး ပင်လယ်ကမ်းပါးများ ရေတိုက်စားခြင်းကို အတိုင်းအတာတစ်ခုအထိ အကာအကွယ်ပေးခြင်းဖြင့် ကမ်းခြေများကို တည်ငြိမ်စေကြောင်း သိမှတ်ရပါ၏။

အဏ္ဏဝါဗေဒ သုတေသန ပြုချက်များအရ ပင်လယ်မြက် တစ်ဟက်တာ အကျယ်အဝန်းအတွင်း ငါးကောင်ရေ ရှစ်သောင်းခန့်၊ ခရု၊ တီကောင်နှင့် ကဏန်း အစရှိသည့် ကျောရိုးမဲ့ သတ္တဝါ ငယ်သန်း ၁၀၀ ခန့်ပင် နေထိုင်ကျက်စားနိုင်ကြောင်း ဖော်ပြထားပါသည်။

**ပျက်စီးဆုံးရှုံး**

ဤကဲ့သို့ အဏ္ဏဝါဂေဟစနစ်နှင့် ကာဗွန်ညစ်ညမ်းမှုကို ထိန်းညှိပေးနိုင်ရေးအတွက် အရေးပါလှသည့် ပင်လယ်မြက် ဂေဟစနစ်သည် သဘာဝဘေးနှင့် လူသားများကြောင့် နှစ်စဉ် ကမ္ဘာပေါ်ရှိ ပင်လယ်မြက်ခင်းဧရိယာ စုစုပေါင်း၏ ခုနစ်ရာခိုင်နှုန်း ပျက်စီးဆုံးရှုံးနေရကြောင်း ဝမ်းနည်းဖွယ် ကြားသိနေရပါသည်။

အဓိကအချက်အားဖြင့် တရွတ်ဆွဲ ပိုက်များအသုံးပြု၍ ငါးဖမ်းခြင်း ပြဿနာနှင့် ပင်လယ်မြက်ခင်းပြင်ပေါ်၌ လှေများ ကျောက်ချရပ်နားခြင်းတို့ကြောင့် ဖြစ်သည်။

ထို့ပြင် ဓာတုဆေးဝါး အကြွင်းအကျန်များနှင့် ကမ်းခြေဖွံ့ဖြိုးရေး လုပ်ငန်းမှ ထွက်ရှိလာသော အညစ်အကြေးများကလည်း ပင်လယ်မြက်ခင်းများကို ပျက်ယွင်းစေလျက်ရှိသည်။ ယခုအခါ တရွတ်ဆွဲ ပိုက်ဖြင့် ငါးဖမ်းခြင်းအပါအဝင် လှေများ ကျောက်ချရပ်နားခြင်းများအပေါ် တားမြစ်ကာကွယ်မှုများဆောင်ရွက် လျက်ရှိသည်။

အချုပ်ဆိုရပါလျှင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူသားများဘဝ သာယာစိုပြည်ရေးအတွက် ဂေဟစနစ်များက အထောက်အကူပြုလျက်ရှိပေရာ ရာသီဥတုနှင့်ငါးဖမ်းလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးရေးအတွက် "ပင်လယ်မြက်ခင်းဂေဟစနစ်" ရေရှည်တည်တံ့စေရေးအတွက် သက်ဆိုင်သူများအားလုံး၏ ပူးပေါင်းဆောင်ရွက်မှုများက အဓိကကျလျက်ရှိပါကြောင်း မီးမောင်းထိုးပြဆိုလိုက်ရပါသတည်း။ ။

ပြည်တွင်းအခွန်များဦးစီးဌာန

## အောင်ဘာလေသိန်းဆုဌာနခွဲ

(၆၆)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီပေါက်စဉ် ၂၀၂၄ ခုနှစ် စက်တင်ဘာလ (၁) ရက်နေ့

အောင်ဘာလေအွန်လိုင်းသိန်းဆု ထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။ *အခမဲ့ထုတ်ဝေသည်*

**ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀၀)ဆု**

ခ - ၂၀၂၃၉၅

ကံထူးရှင်(၁)ဦး

**ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀၀)ဆုများ**

ဆ - ၂၄၃၂၅၅
ဈ - ၈၂၉၄၈၁
ဆ - ၉၁၈၅၄၃

ကံထူးရှင်(၃)ဦး

**ဆုတစ်ဆုချင်း ကျပ်သိန်း(၁၀၀)ဆုများ**

ဇ - ၄၂၄၆၉၇
င - ၅၁၈၀၃၈
ဃ - ၈၂၆၁၉၆

ကံထူးရှင်(၃)ဦး

**ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆု**

ဆ - ၃၆၉၇၅၀
က - ၄၅၇၅၆၃

ကံထူးရှင်(၂)ဦး

**ဆုတစ်ဆုချင်း ကျပ်(၂၀)သိန်းဆု**

က - ၇၃၃၆၅၀

ကံထူးရှင်(၁)ဦး

**ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆု**

စ - ၁၀၃၄၅၅
ဇ - ၃၃၂၁၀၈
င - ၇၇၁၁၆၅

ကံထူးရှင်(၃)ဦး

**ဝေဝေဆာဆာပဒေသာကျပ်(၃)သိန်းဆု(၁)ယူနစ်**

ဂ - ၁၇၇၀၄

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း ကံထူးရှင်(၃)ဦး

**ဝေဝေဆာဆာပဒေသာကျပ်(၂)သိန်းဆု(၁)ယူနစ်**

ခ - ၃၉၃၇

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း ကံထူးရှင်(၁၉)ဦး

**ဝေဝေဆာဆာပဒေသာကျပ်(၁)သိန်းဆုများ(၅)ယူနစ်**

ဇ - ၂၅၈ ဈ - ၂၉၃ ဂ - ၅၂၇
ဆ - ၂၈၆ င - ၃၈၆

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူ - ကျပ်(၁)သိန်း ကံထူးရှင်(၂၈၃)ဦး

**ဝေဝေဆာဆာပဒေသာကျပ်(၅)သောင်းဆု(၁)ယူနစ်**

စ - ၃၉

အက္ခရာနှင့်ရှေ့ဂဏန်း(၂)လုံးအစဉ်လိုက်တူ - ကျပ်(၅)သောင်း ကံထူးရှင်(၅၉၄)ဦး

**ဝေဝေဆာဆာပဒေသာကျပ်(၁)သောင်းဆုများ(၂)ယူနစ်**

ဂ - ၅ စ - ၅

အက္ခရာနှင့်ရှေ့ဂဏန်း(၁)လုံးအစဉ်လိုက်တူ - ကျပ်(၁)သောင်း ကံထူးရှင်(၁၂၈၄၃)ဦး

၁။ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာ လ (၁)ရက်နေ့တွင် ကျင်းပသည့် (၆၆)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီဖွင့်ပွဲအတွက် ဆုမဲ (၁၃၇၅၅)ဆု ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်း ကံထူးရှင် (၁၃၇၅၅)ဦး ဖြစ်ပါသည်။
၂။ မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲ စုစုပေါင်းတန်ဖိုး အားပြန်လည်အစားထိုး ဖွင့်လှစ်ပေးခဲ့ပါသည်။
၃။ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ လ (၁)ရက်နေ့တွင် ဖွင့်လှစ်မည့် (၆၇)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီဖွင့်ပွဲအတွက် အောင်ဘာလေအွန်လိုင်းသိန်းဆုထီ၏ ဖြန့်ဝေရောင်းချပေးမည့် အက္ခရာများမှာ (က) အက္ခရာမှ (ဈ)အက္ခရာထိ အက္ခရာ(၉) လုံးဖြစ်ပြီး ၎င်းအနက်မှ ၂၅% ဖြစ်သော ထီလက်မှတ်စောင်ရေ (၂၀၂၄၉၄၆)စောင်ဖြစ်ပါသည်။
၄။ (၆၆)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီ ဆုမဲများအနက် ကျပ် (၁၀)သိန်းအထက် ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို ( ၂-၉-၂၀၂၄ ) ရက်နေ့မှ စတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျပ်(၁၀)သိန်းနှင့်အောက် ဆုမဲများအား ထီဆုငွေ ထုတ်ပေးခြင်းကို ထီကစ်းသူ၏ထီကစ်းအယ်ပ်ယူရာတွင် အသုံးပြုပေးခဲ့သည့် ငွေပေးချေမှုစနစ်မှတစ်ဆင့် ပြန်လည်ထုတ်ပေးမည်ဖြစ်ပါသည်။
၅။ ကျပ် (၁၀) သိန်း အထက် ထီဆုငွေများကို ထီဆုငွေကံထူးရှင်ကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ် မူရင်း/ မိတ္တူ သို့မဟုတ် Passport မူရင်း/မိတ္တူ သို့မဟုတ် Foreigner Registration Certificate(FRC) မူရင်း/မိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်း/မိတ္တူ၊ (၆)လ အတွင်းရိုက်ကူးထားသည့် Passport အရွယ်အစားဓာတ်ပုံ (၃)ပုံ၊ Application တွင် ထီကစ်းခဲ့ကြောင်း အထောက်အထားထီလက်မှတ်နှင့် Screenshot မိတ္တူ၊ ထီကံထူးကြောင်းပေးပို့သည့် စာတို (SMS)နှင့် Screenshot မိတ္တူ၊ ထီဆုငွေထုတ်ယူရန် ပေးပို့ထားသော လျှို့ဝှက်ကုတ်ပါဝင်သည့် စာတို (SMS)နှင့် Screenshot မိတ္တူ တင်ပြရန် လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

## ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်–စာတည်းမှူး** ၀၆၇–၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇–၃၆၁၄၅၊ **ဖက်စ်** ၀၆၇–၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ–** အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့** ၀၁–၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁–၅၄၄၃၁၄၊ **စီမံ** ၀၁–၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁–၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁–၅၄၅၈၁၄၊ ၀၁– ၅၅၉၁၁၈၊ **Fax** ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ **Fax** ၀၁–၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁ - ၉ - ၂၀၂၄

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၆၅၅ ကျပ် | ၂၇၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၃၂၉၅ ကျပ် | ၃၃၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၃၁၀၀ ကျပ် | ၃၁၈၅ ကျပ် |
| အောက်တိန်း ၉၅ | ၃၂၄၀ ကျပ် | ၃၃၁၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## မော်တော်ယာဉ်မောင်းနှင်ရာတွင် မိမိရှေ့ကယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရသည့်နေရာများ(နည်းဥပဒေ ၂၉၁)

မော်တော်ယာဉ်မောင်းနှင်သူသည် အောက်ပါနေရာများ၊ အချိန်အခါနှင့် အခြေအနေများတွင် မိမိရှေ့က မော်တော်ယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရ–

(က) ခြေကျင်လျှောက်သူများဖြတ်ကူးရန် ခွင့်ပြုထားသောနေရာ၊
( ခ) လမ်းဆုံလမ်းခွ၊
( ဂ) လမ်းထောင့်နှင့်လမ်းကွေ့၊
(ဃ) ကုန်းအတက်နှင့် ကုန်းထိပ်၊
( င) တံတားအဝင်ဝနှင့် တံတားအပေါ်၊
( စ) လမ်းကျဉ်းအတွင်း၊
(ဆ) ဥမင်လိုဏ်ခေါင်းအတွင်း၊
( ဇ) လမ်းအလယ်တွင် မျဉ်းဖြူ၊ မျဉ်းဝါနှစ်ကြောင်းရှိသော လမ်းတစ်လျှောက်၊
( ဈ) တစ်ဆက်တည်းမျဉ်းကြောင်းသတ်မှတ်ထားသော ယာဉ်ကြောအတွင်း၊
(ည) တံခါးရှိနှင့် တံခါးမဲ့ရထားလမ်းကူးနေရာ၊
( ဋ) မြင်ကွင်းမရှင်းလင်း၍ အန္တရာယ်ကင်းစွာ ကျော်တက်ရန် စိတ်မချရသော အချိန်အခါ၊
( ဌ) "လမ်းမပိတ်ရ" အဝါရောင်မျဉ်းကွက်(Yellow Box)နေရာ၊
( ဍ) ကျော်တက်လျှင်ရှေ့ သို့မဟုတ် မျက်နှာချင်းဆိုင်မှ မောင်းနှင်နေရသည့် မော်တော်ယာဉ် များက ရှောင်တိမ်းပေးရခြင်း၊ အမြန်နှုန်းလျှော့ပေးရခြင်းဖြင့် အနှောင့်အယှက်ဖြစ်စေ နိုင်သည့် အခြေအနေ။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၉၀၀ | ၁၇၇ | ၁၅၇၅၃၀၀ |
| MTSH | ၃၅၀၀ | ၃၅၀၀ | ၃၉၅၃ | ၁၃၆၈၅၅၀၀ |
| MCB | ၉၀၀၀ | ၉၀၀၀ | ၁၅ | ၁၃၅၀၀၀ |
| FPB | ၁၇၅၀ | ၁၇၅၀ | ၁၁၁၃၂ | ၁၉၉၃၁၆၅၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၆၅၇ | ၁၈၃၉၆၀၀ |
| EFR | ၁၇၅၀ | ၁၇၅၀ | ၁၀၁၉ | ၁၇၈၃၂၅၀ |
| AMATA | ၄၆၀၀ | ၄၆၀၀ | ၃၁၇ | ၁၄၅၈၂၀၀ |
| MAEX | ၃၃၅၀ | ၃၃၀၀ | ၃၆၅၂ | ၁၂၀၈၄၂၀၀ |
| MADPL (PLB) | ၃၆၀၀၀ | ၃၆၅၀၀ | ၈၂ | ၂၉၆၈၀၀၀ |

ပြည်တွင်းအခွန်များဦးစီးဌာန

## အောင်ဘာလေသိန်းဆုဌာနခွဲ

**(၆၆) ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီပေါက်စဉ် ၂၀၂၄ ခုနှစ် စက်တင်ဘာလ (၁) ရက်နေ့**

အောင်ဘာလေသိန်းဆု ထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။

*အခမဲ့ထုတ်ဝေသည်*

### အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု

ခ - ၄၀၂၀၇၁

ကံထူးရှင်(၁)ဦး

### အထူးဆုကြီး ကျပ်သိန်း (၂၀၀၀) ဆု

ဇ - ၃၃၆၈၄၂

ကံထူးရှင်(၁)ဦး

### အထူးဆုကြီး ကျပ်သိန်း (၁၀၀၀) ဆု

ဆ - ၆၆၀၃၈၃

ကံထူးရှင်(၁)ဦး

### ဆုတစ်ဆုချင်းကျပ်သိန်း(၅၀၀)ဆုများ

| | |
|---|---|
| ဂ - ၁၈၃၉၂၆ | ဃ - ၆၄၀၆၄၂ |
| ဆ - ၃၈၂၁၄၆ | ဈ - ၈၈၂၄၂၈ |
| င - ၅၅၉၀၃၄ | |

ကံထူးရှင်(၅)ဦး

### ဆုတစ်ဆုချင်းကျပ်သိန်း(၂၀၀)ဆုများ

| | |
|---|---|
| ဆ - ၂၇၆၇၈၂ | စ - ၃၉၅၆၇၄ |
| စ - ၂၉၄၃၇၃ | င - ၃၉၉၅၅၅ |
| ဃ - ၃၄၅၀၉၇ | ဇ - ၇၉၃၄၁၁ |

ကံထူးရှင်(၆)ဦး

### ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ

| | | |
|---|---|---|
| င - ၁၂၃၉၅၇ | စ - ၅၅၉၂၆၈ | ဆ - ၇၆၁၀၃၀ |
| ခ - ၂၄၅၁၈၀ | ဈ - ၅၆၀၂၁၁ | ခ - ၇၆၃၀၆၄ |
| ဂ - ၅၀၉၅၄၆ | ခ - ၆၅၇၀၈၁ | စ - ၇၉၅၆၀၉ |
| ဈ - ၅၄၈၃၈၅ | | |

ကံထူးရှင်(၁၀)ဦး

### ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ

| | |
|---|---|
| ဂ - ၁၀၆၉၆၃ | စ - ၆၉၇၀၉၄ |
| က - ၁၁၈၆၅၁ | စ - ၈၀၄၄၉၁ |
| ဈ - ၁၄၂၁၃၃ | က - ၈၄၇၂၈၆ |
| ဃ - ၂၇၈၅၂၆ | ဃ - ၈၅၃၉၅၇ |
| က - ၃၃၁၈၅၅ | ဈ - ၈၈၅၃၄၅ |
| ဈ - ၅၁၁၉၀၃ | က - ၈၉၇၄၄၁ |

ကံထူးရှင်(၁၂)ဦး

### ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ

| | | |
|---|---|---|
| ဈ - ၁၂၂၄၄၅ | က - ၄၆၅၅၃၆ | ဇ - ၅၈၄၉၄၇ |
| စ - ၁၂၆၇၆၄ | ဇ - ၅၀၀၁၁၉ | ဈ - ၆၇၄၆၄၉ |
| င - ၂၁၇၂၄၀ | ခ - ၅၃၃၁၅၃ | ဃ - ၆၉၀၃၂၆ |
| ခ - ၂၂၆၂၅၈ | င - ၅၆၁၄၁၅ | ဃ - ၇၁၉၂၈၃ |
| င - ၂၉၃၅၅၃ | ဃ - ၅၆၆၂၁၉ | ဇ - ၇၇၂၇၃၂ |
| ဃ - ၃၄၁၇၁၈ | ဈ - ၅၈၂၃၉၇ | ဇ - ၈၀၂၇၁၆ |

ကံထူးရှင်(၁၈)ဦး

### ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

| | |
|---|---|
| ခ - ၁၂၂၆၉၅ | င - ၆၃၄၉၀၅ |
| ဃ - ၃၅၃၆၅၄ | ဂ - ၆၄၈၅၈၈ |
| ဃ - ၄၀၅၂၄၀ | ဃ - ၈၃၅၇၆၇ |
| က - ၄၂၉၃၃၅ | င - ၈၄၀၉၈၇ |
| ခ - ၄၃၃၉၅၁ | ဈ - ၉၁၈၃၅၃ |
| စ - ၅၄၅၄၆၆ | င - ၉၄၁၄၆၆ |
| က - ၅၈၉၈၃၈ | ဈ - ၉၄၄၆၅၃ |

ကံထူးရှင်(၁၄)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၃)ယူနစ်

က - ၃၄၉၃၀
ဆ - ၉၅၄၆၄
ဇ - ၉၈၆၂၅

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၃၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၃)ယူနစ်

ဃ - ၃၀၅၆
စ - ၃၉၅၄
ဃ - ၉၂၅၃

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၃၀၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၈)ယူနစ်

| | | |
|---|---|---|
| ဇ - ၁၃၉ | က - ၇၄၂ | ဃ - ၈၅၃ |
| ဇ - ၁၄၅ | ဆ - ၇၆၈ | ဂ - ၈၈၇ |
| ဂ - ၄၀၄ | င - ၈၀၉ | |

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူကျပ်(၁)သိန်း

ကံထူးရှင်(၅၈၇၇)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ(၃)ယူနစ်

ဆ - ၄၀　　ခ - ၅၅　　စ - ၇၅

အက္ခရာနှင့်ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

ကံထူးရှင်(၂၂၄၇၅)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သောင်းဆု(၁)ယူနစ်

ဇ - ၃

အက္ခရာနှင့်ရှေ့ဂဏန်း(၁)လုံး အစဉ်လိုက်တူ - ကျပ်(၁)သောင်း

ကံထူးရှင်(၇၄၉၇၅)ဦး

## ဘဏ္ဍာသိမ်းရငွေမှ ပြန်လည် ချီးမြှင့်သောဆုမဲများ

### ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ

| | |
|---|---|
| ခ - ၁၀၈၄၀၁ | ဂ - ၂၅၄၄၈၂ |
| ဆ - ၂၄၁၈၅၁ | င - ၂၇၀၂၃၈ |

ကံထူးရှင်(၄)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၂)ယူနစ်

ခ - ၃၂၀၂၈　　င - ၆၆၉၅၂

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၂၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၂)ယူနစ်

င - ၈၁၀၀　　ဃ - ၈၅၁၆

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၂၀၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၂)ယူနစ်

ခ - ၁၈၁　　ဃ - ၄၉၅

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူ - ကျပ်(၁)သိန်း

ကံထူးရှင်(၁၅၄၈)ဦး

၁။ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၁)ရက်နေ့တွင် ကျင်းပသည့် (၆၆)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ဆုမဲ( ၁၀၅၄၉၇ )ဆု ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်း ကံထူးရှင်( ၁၀၅၄၉၇ )ဦး ဖြစ်ပါသည်။

၂။ မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲ စုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်းရငွေများအပါအဝင်) အား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးခဲ့ပါသည်။

၃။ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁)ရက်နေ့တွင် ဖွင့်လှစ်မည့် (၆၇)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် အောင်ဘာလေသိန်းဆုထီ၏ ဖြန့်ဝေရောင်းချပေးမည့် အက္ခရာများမှာ (က) အက္ခရာမှ (ဈ) အက္ခရာထိ အက္ခရာ (၉)လုံးဖြစ်ပြီး ၄င်းအနက်မှ ၇၅% ဖြစ်သော ထီလက်မှတ်အုပ်ရေ (၅၅၂၂၇၆)အုပ်ဖြစ်ပါသည်။

၄။ (၆၆)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီ ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက် ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို( ၂ - ၉ - ၂၀၂၄ )ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို( ၁၂ - ၉ - ၂၀၂၄ ) ရက်နေ့မှစတင်၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင် ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ နိုင်ငံသားစိစစ်ရေးကတ် မူရင်း၊ မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း၊ မိတ္တူ၊ (၆)လအတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရန် လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

## အမည်ပြောင်း

ဦးနော်ဆိုင်း ၁၃/ကခန(နိုင်) ၁၀၅၄၂၆ ၏သမီး မူဆယ်မြို့၊ အထက(၂)၊ Grade-12မှ မအေးအေးမြင့် (ခ)မထွယ်ဆိုင် အား မွေးလက်မှတ် ၂၈-၇-၂၀၀၄ အရ နန်းဆိုင်ဆွဲ ဟု ပြောင်းလဲခေါ်ပါရန်။

**နန်းဆိုင်ဆွဲ**

## ပတ်စ်ပို့ပျောက်ဆုံး

ဦးပန်းညို၏သမီး မစိမ့်စိမ့်ညို ၅/ရဘန(နိုင်)၂၄၂၄၁၅ ၏ နိုင်ငံကူး လက်မှတ်(MH-664708)ပျောက်ဆုံး၍ တွေ့ရှိပါက ပေးပို့ပါရန်။

**ဖုန်း-၀၉-၄၄၅၀၇၆၉၉၇**

## မိခင်အမည်မှန်

ညောင်တုန်းမြို့၊ အထက(၁)၊ Grade-1 မှ မောင်ညီဟန်မင်းနှင့် Grade-3 မှ မောင်လင်းရောင်ဖြိုးတို့၏ မိခင်အမည်အမှန်မှာ ဒေါ်ခင်စန်းဝေ ၁၄/မမန(နိုင်)၁၈၉၉၂၃ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ငါ့သရောက်မြို့၊ အထက(ခွဲ) သနပွင်ကျောင်း၊ Grade-12 အတန်းမှ မအင်ဇာဖြိုး၏ ဖခင်အမည်မှန်မှာ ဦးဝင်းရွှေ ၉/ညဥန(နိုင်)၀၄၄၉၃၉ ဖြစ်ပါကြောင်း။

## အမွေပြတ်စွန့်လွှတ်ခြင်းအား ပြန်လည်ရုပ်သိမ်းခြင်း

၂၃-၂-၂၀၁၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ၂၆ပါ ဖခင်ဦးမြသိန်း (MYA-143366)- မိခင်ဒေါ်သန္တာအေး (MYA-144064) တို့၏သား မောင်နေဇင်ကျော် ၅/မရန(နိုင်)၂၅၀၄၃၈ အား အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း ကြော်ငြာအားယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းပြီးစီးပြီးဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးမြသိန်း (MYA-143366)-**
**ဒေါ်သန္တာအေး (MYA-144064)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
## ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၇၆

ဒေါ်နှင်းမြတ်ဝင်းနိုင် **နှင့်** ဦးမောင်ရီ
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ (ဠ-၇/၅၅)နေ ဦးမောင်ရီ (ဘ)ဦးဘသော် (ယခုနေရပ် လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဒေါ်နှင်းမြတ်ဝင်းနိုင် မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ) ရပ်ကွက်၊ အကွက်အမှတ်(ဗ-၉)၊ ဦးပိုင်အမှတ်(၂၉-က)၊ ဧရိယာ ၀ ဒသမ ၀၁၅ ဧက အကျယ်အဝန်းရှိ ဦးမောင်ရီအမည်ပေါက် ဂရန်မြေကွက်အား မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထား စွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက် (၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဩဂုတ် ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

( သိင်္ဂီဝင်း )
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ ဈေးအရှေ့ပြင်ရပ်ကွက်၊ အကွက်အမှတ်(၅/အရှေ့ပြင်)၊ ဦးပိုင်အမှတ် (၆၈/၁၉၉၃-၉၄)၊ မြေကွက်အမှတ် (၁၂၁)၊ ဧရိယာ ၀ ဒသမ ၀၂၆ ဧက၊ စတုရန်းပေ ၁၁၃၂ ရှိ ဝိုင်းမြေမှာ ၂၁-၃-၁၉၉၇ မှ ၂၀-၃-၂၀၂၇ ရက်ထိ ဂရန်အမှုတွဲအမှတ်(၂၃၆ /၁၉၉၆-၉၇) အရ ဦးပန်၊ ဒေါ်လှစိန်၊ ဒေါ်စိုးစိုးနွယ် (၃)ဦးအမည်ဖြင့်ချထားပေးခဲ့သော နှစ်(၃၀) သက်တမ်းရှိ ဂရန်ဝိုင်းမြေ ဖြစ်ပါသည်။ အဆိုပါ ဂရန်ဝိုင်းမြေကွက်အား ဒေါ်စိုးစိုးနွယ် ၉/မထလ(နိုင်)၀၄၃၃၇၉ မှ ၎င်း၏အမည်သို့ ဂရန်အမည်ပြောင်း လျှောက်ထားခဲ့ရာ ခရိုင်ရုံးအမှုတွဲအမှတ် (၆၉/၂၀၁၂-၁၃)အရ ၁၀-၇-၂၀၁၃ ရက်မှစ၍ ဦးပန်၊ ဒေါ်လှစိန်၊ ဒေါ်စိုးစိုးနွယ် (၃)ဦးအမည်မှ ဒေါ်စိုးစိုးနွယ် အမည်သို့အမည်ပြောင်းခွင့်ပြုခဲ့ပါသည်။ ယခုအခါ အဆိုပါဂရန်ဝိုင်းမြေကွက်နှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိလက်ရောက် နေထိုင်ပိုင်ဆိုင်သူ ဒေါ်စိုးစိုးနွယ်မှ ကျွန်ုပ်၏မိတ်ဆွေ ဦးမြင့်ဇော်စိုး ၉/မလန (နိုင်)၀၁၄၀၇၀ နှင့်(ဇနီး)ဒေါ်ဝင်းလှ ၉/မလန(နိုင်)၀၁၄၉၈၂တို့အား ကာလ တန်ဖိုးတစ်ရပ်ဖြင့် ရောင်းချလိုကြောင်း စကားကမ်းလှမ်းရာ ဦးမြင့်ဇော်စိုးနှင့် ဇနီးတို့မှလည်း ဝယ်ယူရန် သဘောတူညီခဲ့ကြပြီး ၃၀-၈-၂၀၂၄ ရက်၌ နေအိမ်ပိုင်းမြေတန်ဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက နေအိမ်ဝိုင်းမြေအရောင်းအဝယ်ကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးမြင့်ဇော်စိုး-ဒေါ်ဝင်းလှ**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်အောင်လွင် LL.B**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၁၆၇၆၆ (၂၁-၁၂-၂၀၂၀)**
**ဗိုလ်ချုပ်အောင်ဆန်းလမ်းမ၊ မဟာစည်တိုးချဲ့ရပ်**
**မိတ္ထီလာမြို့ ၊ ဖုန်း-၀၉-၄၄၂၀၀၃၅၃**

## အယူခံမှုကို ဆိုင်ရန် ချိန်းဆိုသည့်ရက်ကို
## အယူခံတရားပြိုင်ထံသို့ အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၄၁ ၊နည်းဥပဒေ-၁၄)
## ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၂၃ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၄၂

ဦးမြင့်ကို **နှင့်** ၁။ ဦးဖြိုးသော်ဇင်
၂။ ဒေါ်ယဉ်မင်းသူ
**(အယူခံတရားလို)** **(အယူခံတရားပြိုင်များ)**

၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၉ ရက်စွဲပါ ပြည်ခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၂၉/၂၀၂၂ တွင် ချမှတ်သောအမိန့်ကို အယူခံမှု။

ပြည်မြို့နယ်၊ ခရိုင်ရဲရုံးဝန်ထမ်းသက်သာဆိုင်၊ စစ်ကဲလမ်းနှင့်ကမ်းနားလမ်းထောင့်၊ ကျောင်းကြီးအိုးတန်းရပ်ကွက်နေ အယူခံတရားပြိုင်(၁)ဦးဖြိုးသော်ဇင်၊ (၂)ဒေါ်ယဉ်မင်းသူ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် ပြည်ခရိုင်တရားရုံးတော်က ချမှတ်ပေးသည့် ဒီကရီကို အယူခံတရားလိုမှ အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်း တင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက် (၁၃၈၆ ခုနှစ်၊ တော်သလင်းလဆုတ် ၁၃ ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤအယူခံမှုတွင် သင့်အတွက် ဆောင်ရွက်ရန်ဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ် ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့အပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို တရားမကျင့်ထုံး ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် ချိန်းဆိုထားသည့် အချိန်အတွင်း သင်က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(လှိုင်ဟိန်းဇော်)
**လက်ထောက်ညွှန်ကြားရေးမှူး**
**ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်**

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် (မမ-၅)တွင် တည်ရှိသော ဦးပိုင်အမှတ် (၇၅)၊ ဧရိယာ ၀ ဒသမ ၀၅၅၁ဧက အကျယ်အဝန်းရှိ ဦးအောင်သန်း အမည်ဖြင့် ချထားရရှိထားသော မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အသုံးချ အကျိုးခံစားခွင့် အရပ်ရပ်အားလုံး တို့အား ဦးခင်မောင်ကြည် ၉/မရမ(နိုင်)၀၃၄၉၆၀မှ ယခင်က ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ၎င်းထံမှတဆင့် ဦးအာကာမင်းခင် ၉/အမဇ(နိုင်)၀၄၃၀၁၈ မှ ၁၅-၇-၂၀၂၄ ရက်တွင် ကာလတန်ဖိုးငွေအပြည့်ချေပြီး ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ၎င်းမြေကွက်နှင့် ပတ်သက်၍ ဦးအာကာမင်းခင်သာလျှင် တရားဝင်ပိုင်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အဆိုပါမြေကွက်အား ဝင်ရောက်ကျူးကျော်နေထိုင်ခြင်း၊ ရောင်းဝယ်ခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်းများ မပြုလုပ်ရန်နှင့် ပြုလုပ်ပါက တည်ဆဲဥပဒေအရ အရေးယူခြင်းခံရမည်။

**ဦးအာကာမင်းခင် ၉/အမဇ(နိုင်)၀၄၃၀၁၈**
**၁၈x၁၉လမ်းကြား၊ ၈၈x၈၉လမ်းကြား၊ မတိုက်ခန်း၊**
**အောင်မြေသာစံ၊ မန္တလေးမြို့**
**ဖုန်း-၀၉-၄၂၈၁၃၇၀၆၇**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ မြို့ဟောင်း(၂)လမ်း၊ အမှတ် (၉၀၉) ဟုခေါ်တွင်သော (၁) ခန်းတွဲ (၃)ထပ်ခွဲတိုက်မှ တတိယထပ်၊ (ဒါဘာ)၊ အကျယ်အဝန်း ပေ(၁၅x၅၀) ရှိ တိုက်ခန်းအား လက်ရှိထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဝါဝါဦး ၁၄/ဝခမ(နိုင်) ၁၃၈၆၆၉ ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ခင်ခင်ကြီး ၇/သဝတ (နိုင်)၀၆၉၅၈၃ က ၃၀-၈-၂၀၂၄ရက်စွဲပါနေထိုင်ခွင့်နှင့်တကွ တိုက်ခန်းအပြီးအပိုင်အရောင်းအဝယ် ကတိစာချုပ်ဖြင့် ဥပဒေနှင့်အညီ တရားဝင် လက်ရောက်ဝယ်ယူပိုင်ဆိုင်၍ ၎င်းတိုက်ခန်းအား ကျွန်ုပ်၏မိတ်ဆွေက စီမံခန့်ခွဲလျက်ရှိပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားမှုအရ-**
**ဦးထက်နောင်လှိုင်(L.L.B, DIL)၊**
**အထက်တန်းရှေ့နေ (စဉ် - ၄၃၄၈၁)**
**အမှတ်(၈၆၈)၊ (၃)လွှာ၊ ခေါင်းရင်းခြမ်း၊ (၂)လမ်း ၊ (၁)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း - ၀၉-၄၀၃၉၈၉၄၇၄**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံး
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၅၈

ဒေါ်စည်းစိမ်စိုး **နှင့်** ဒေါ်တင်ညွန့်
**တရားလို** **တရားပြိုင်**

မန္တလေးမြို့ ၊ ချမ်းမြသာစည်မြို့နယ် ၊ မြရည်နန္ဒာရပ်ကွက်၊ မမ-၇/၄၄ နေ ဒေါ်တင်ညွန့်(ဘ)ဦးထွန်းရှိန် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဒေါ်စည်းစိမ်စိုးက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၁၁)၊ ဦးပိုင်အမှတ်(၅၄)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧက အကျယ်အဝန်းရှိ မြေကွက် ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက် (၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၈ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

( သင်းသင်းလှိုင် )
**တွဲဖက်မြို့နယ်တရားသူကြီး(၄)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၁၃၃)ရပ်ကွက်၊ ရတနာပုံ(၂)လမ်း၊ မြေကွက်အမှတ်(၅၅၉/ခ) ဟုခေါ်တွင်သော မြေအလျား x အနံ(၂၀'x၆၀')ပေထဲမှတရားဝင်မခွဲမစိတ်ရသေးသော[မြေကွက်အမှတ်(၅၅၉/က)နှင့်ကပ်လျက်အခြမ်း]မြေအလျား x အနံ(၁၀'/ ၆၀')ပေရှိ မြေကွက်နှင့်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ မြို့မြေစာရင်းတွင် မြေချပါမစ်မူရင်း အမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်မြသိန်း (IGU-346787)ထံမှ အရောင်းအဝယ်စာချုပ် အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်နှင်းနှင်းဝေ ၁၂/ဒဂမ(နိုင်)၀၃၃၈၇၂ ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးဟန်ထွန်းအောင် ၁/မကန(နိုင်)၁၆၄၉၈၉၊ ဒေါ်နန့်ဝင်းအေး ၁၄/ဂခမ(နိုင်)၁၅၉၂၂၄ တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း မူရင်းနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်တွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဗိုလ်ဗိုလ်ဇော် LL.B, D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၆၉၈/၂၀၁၈)**
**အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်**
**ဖုန်း-၀၉-၄၅၀၀၃၅၀၇၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၅၇)ရပ်ကွက်၊ မြေကွက်အမှတ်(၈၇၉) ဟုခေါ်တွင်သော မြေအလျားx အနံ(၄၀x၆၀)ပေထဲမှတရားဝင်မခွဲမစိတ်ရသေးသော မြေအလျားအနံ(၁၀x၆၀) ပေရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုး ရေးဦးစီးဌာန၏ မြို့မြေစာရင်းတွင် မြေချပါမစ်မူရင်း အမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်ကြည်ကြည်ဝင်း (J/RGN-006912)ထံမှ အရောင်းအဝယ်စာချုပ် အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးရဲကျော်ထွန်း ၁၂/ဒဂမ(နိုင်)၀၃၉၁၆၈ ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးဟန်ထွန်းအောင် ၁/မကန(နိုင်)၁၆၄၉၈၉၊ ဒေါ်နန့်ဝင်းအေး ၁၄/ဂခမ(နိုင်)၁၅၉၂၂၄ တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့တိကျခိုင်လုံသော တရားဝင်စာချုပ် စာတမ်းမူရင်းနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်တွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဗိုလ်ဗိုလ်ဇော် LL.B, D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၆၉၈/၂၀၁၈)**
**အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်**
**ဖုန်း-၀၉-၄၅၀၀၃၅၀၇၀**

## အများသိစေရန် ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့အတွင်းရှိ ဇေယျာဝတီလမ်း၊ အကွက်အမှတ် (၇)၊ ကွင်းအမှတ် (၅-ဃ/ မကြီးတန်းအရှေ့)၊ ဦးပိုင် (၃၅-ခ+၃၆-က) ဧရိယာ (၀.၀၃၆+၀.၀၄၇) အကျယ်အဝန်းရှိ ဂရန်မြေကွက်သည် ဒေါ်ခင်ဝင်းကြည် (ဘ)ဦးဘသောင်း ၈/ပခက(နိုင်)၀၃၁၃၇၈ အမည်ပေါက် မြောက်ဘက်လှည့်မြေကွက် ဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအား လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းပြောဆိုရာ ယုံကြည်၍ ကျွန်ုပ်၏မိတ်ဆွေမှ စရန်ပေးကတိစာချုပ် ပြုလုပ်ချုပ်ဆိုထားပြီး လည်းဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် အဆောက်အအုံ၏ အပြီးအပိုင်လွှဲပြောင်းရောင်းချမှုအတွက် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ/ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့် တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက ကြော်ငြာသူ၏ အကျိုးအတွက် အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်ခြင်းနှင့် သက်ဆိုင်ရာရုံးဌာနများတွင် ဝယ်ယူသူအမည်ပေါက်လုပ်ငန်းအတွက် ဆောင်ရွက် သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးပြည့်ဖြိုးအောင်**
**၉/အမဇ(နိုင်)၀၁၄၇၃၇**

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကျော်ဇင်ထက် (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၀၈၀)**
**အကွက်ဦးပိုင်အမှတ် (၄၁၅/N-၃, ၁၇၂)၊ ညောင်ကွဲရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊**
**မန္တလေးမြို့၊ ဖုန်း-၀၉-၄၃၀၉၉၄၈၁၊ ၉၅၅၆၉၅၅၅၉**

## ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁) ရပ်ကွက်၊ ရန်ကင်းလမ်း၊ Golden City Building(4) ၊ အခန်း အမှတ်(၀၉-၀၁)၊ ၉-လွှာ၊ အကျယ်အဝန်း(၁၉၈၁. ၅၀) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်လိပ်စာပါ ကွန်ဒိုတိုက်ခန်းကို Owner Book အမည်ပေါက် လက်ရှိလက်ရောက်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်အင်ကြင်းစံ ၁၂/တမန(နိုင်)၁၂၂၉၈၅ (ဘ)ဦးအောင်ကျော်စိုးထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်အိုက်ကျွန်ချင် ၁၃/လကန(နိုင်)၀၀၆၁၆၀ က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ် ပြုလုပ်သည့် ကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူ မရှိပါက အဆိုပါ ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ် စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘူမောင်(LL.B) (စဉ် - ၂၂၇၄၇)၊ ဒေါ်ဖြိုးဖြိုးအောင်(LL.B) (စဉ်-၄၈၄၃၁)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေ မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း- ၀၉- ၅၁၁၈၀၀၇၊ ၀၉- ၅၁၁၅၉၉၀၊ ၀၉- ၅၁၈၃၅၆၉**

## အသိပေးကြေညာခြင်း

မိတ္ထီလာမြို့၊ ဝန်ဇင်းရပ်ကွက်၊ လျှပ်စစ်ဝင်းအတွင်းနေ (ဘ) ဦးမင်းကို၏သား ၉/မထလ(နိုင်)၂၆၇၅၇၂ ကိုင်ဆောင်သူ ကျွန်ုပ်၏ အမှုသည် ဦးရဲဝင့်နိုင် (လျှပ်စစ်ကျွမ်းကျင်-၅) သည် ၎င်း၏အမည်ဖြင့် ငွေကြေးကိစ္စအကူအညီတောင်းခံရန် အလို့ငှာ မည်သူ့ကိုမျှစေခိုင်းထားခြင်းမရှိပါကြောင်းနှင့် အဆိုပါ ကိစ္စရပ်များ ဖြစ်ပွားပေါ်ပေါက်ခဲ့ပါကလည်း သက်ဆိုင်ရာတည်ဆဲ ဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရဲဝင့်နိုင် ၉/ မထလ(နိုင်)၂၆၇၅၇၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဆုဆုမြတ်နိုး (LL.B) အထက်တန်းရှေ့နေ(စဉ်-၅၅၂၅၃)**
**နယ်မြေ(၄)၊ ရန်မျိုးအောင်ရပ်၊ မိတ္ထီလာမြို့၊ ဖုန်း-၀၉-၉၅၂၃၆၂၀၁၅**

## ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ နိဗ္ဗာန်(၈)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၃၉၈)၊ မြေကွက်အမှတ်(၈၅ / ခ)ပေါ်၌ iGREEN Construction Co.,Ltd မှ တာဝန်ယူတည်ဆောက်သည့် Royal Thiri Condominium ရှိ Tower (D)၊ တိုက်ခန်းအမှတ်(D- 106)(Level-1) တိုက်ခန်းနှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါလိပ်စာရှိ မြေကွက်အမှတ်(၈၅/ခ)ပေါ်၌ ဆောက်လုပ် ထားသော Royal Thiri Condominium ရှိ Tower(D) တိုက်ခန်းအမှတ်(D-106)၊ (Level-1) ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းပေါ်ရှိ (ရေမီး အပြည့်အစုံနှင့် ကားပါကင်နေရာအပါအဝင်)သွယ်တန်းတပ်ဆင်ထားရှိသောပစ္စည်းအရပ်ရပ်နှင့် နေထိုင်ပိုင် ဆိုင်ခွင့်အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်ဖြူဇင်အောင်(ခ)ဖြူစင်အောင် ၁၂/သခန (နိုင်)၁၂၂၉၅၉ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးရဲရင့်အောင် ၁၂/အစန(နိုင်)၁၉၆၅၈၆ က အပိုင်လက်ရောက်လွှဲပြောင်း ဝယ်ယူရန် သဘောတူညီပါသဖြင့် ၃၁-၈-၂၀၂၄ရက်စွဲပါ နှစ်ဦးသဘောတူ ကွန်ဒိုတိုက်ခန်းအရောင်းအဝယ် စရန်ပေး ကတိစာချုပ် ချုပ်ဆို၍ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူ မည်သူမဆိုကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါ သည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာ အပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေသူသူမြင့် (LL.B,D.B.L,D.L.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၆၂၈)**

## ကန့်ကွက်နိုင်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ တောင်ဇလပ်ရပ်ကွက်၊ အကွက်အမှတ်(၈၄၆/စမ်းမြို့ရပ်)၊ ဦးပိုင်အမှတ်(၅၄၇)၊ ဧရိယာ ၀ ဒသမ ၀၄၈ ဧကအား ဦးထန်အုန်း ၄/ထနလ(နိုင်)၀၀၇၆၁၇(ဘ) ဦးကုန်လောမှ မြေငှားဂရန်အသစ် လျှောက်ထားမှုအား ကန့်ကွက်လိုပါက ကြေညာသည့်ရက်မှ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဦးထန်အုန်း**
**၄/ထနလ(နိုင်)၀၀၇၆၁၇**
**ဖုန်း-၀၉-၈၇၂၈၇၁၂၀၁**

## အမည်ပြောင်း

မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နေ (ဘ) ဦးနိုင်နိုင်ထွန်း၏သမီး အမက(ဆူးပုတ်ခုံ) Grade-3မှ မသွန်းလဲ့ရွှေစင်အား မဇွန်လဲ့ရတီထွန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

## မွေးသက္ကရာဇ်အမှန်

ဖျာပုံမြို့နယ်၊ ချောင်းဝကျေးရွာ၊ (၂)ရပ်ကွက်နေ ဦးသန့်ဇော်ဦး ၁၄/ဖပန(နိုင်)၁၁၂၁၃၄၏သမီး မဝင့်သဇင်အိ၏ မွေးသက္ကရာဇ်အမှန်မှာ ၁-၃-၂၀၀၆ဖြစ်ပါကြောင်း။

**မဝင့်သဇင်အိ**

## မွန်ပြည်နယ်၊ လမ်းဦးစီးဌာန
## မော်လမြိုင်မြို့
## ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်
## ကတ္တရာပုံးခွံများ လေလံတင်ရောင်းချရန် လေလံခေါ်ယူခြင်း

၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် လမ်းဦးစီးဌာန၊ မော်လမြိုင်ခရိုင်၊ ရေးခရိုင်၊ သထုံခရိုင်နှင့် ကျိုက်ထိုခရိုင်တို့မှ လမ်းလုပ်ငန်းများတွင် အသုံးပြုခဲ့သည့် ကတ္တရာများ၏ ကတ္တရာ ပုံးခွံများအား လေလံတင်ရောင်းချမည် ဖြစ်ပါသဖြင့် လေလံတင်သွင်းနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| (က) | **လေလံလျှောက်လွှာ ဝယ်ယူနိုင်သည့်ရက်** | - (၉-၉-၂၀၂၄) ရက်မှ (၁၃-၉-၂၀၂၄) ရက်ထိ (ရုံးချိန်အတွင်း) |
| (ခ) | **လေလံလျှောက်လွှာ ဝယ်ယူနိုင်သည့်နေရာ** | - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မော်လမြိုင်ခရိုင် မော်လမြိုင်မြို့ |
| (ဂ) | **လေလံဖွင့်မည့်ရက်/အချိန်** | - (၁၇- ၉ - ၂၀၂၄) ရက် (အင်္ဂါနေ့) နံနက် (၁၀:၀၀) နာရီ |
| (ဃ) | **လေလံပွဲကျင်းပမည့်နေရာ** | - ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ |

**လေလံတင်ရောင်းချရေးတင်ဒါကော်မတီ**
**မော်လမြိုင်ခရိုင် ဖုန်း-၀၅၇-၂၄၇၅၉၊ ၀၉-၇၇၉၀၆၉၉၄၈**

## အမည်ပြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးကျော်ဝင်းလှိုင်၏ သားကြီးဖြစ်သူ မောင်တေဇအောင်လှိုင်အား မောင်စိုးသုတဟု ပြောင်းလဲခေါ်ပါရန်နှင့် သားငယ်ဖြစ်သူ မောင်ဘုန်းခန့်တေဇ အား မောင်ဘုန်းသန့် ဟုပြောင်းလဲခေါ်ပါရန်။

**မောင်စိုးသုတ၊ မောင်မင်းဘုန်းသန့်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်(၁၃/ခ)၊ အေးသာယာရပ်ကွက်၊ ဗဟို(၁)လမ်း၊ မြေကွက်အမှတ် (ဘီ/၁၃၂)ဟုခေါ်တွင်သော အလျားxအနံပေ(၄၀x၆၀)၊ ဒေါ်မြင့်မြင့်သန်း အမည်ပေါက် မြေကွက်အနက် (ခြေရင်းခြမ်း)၊ အလျားxအနံပေ( ၂၀ x ၆၀ )အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးခိုင်စိုး(ဘ)ဦးအောင်သိန်း ၁၂/လမတ(နိုင်)၀၂၅၄၁၄ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်သန္တာဝင်း(ဘ) ဦးနန်းမောင် ၁၂/ကတန(နိုင်)၀၀၀၉၁၆က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက် ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးဇာနည် ( LL.B,D.B.L) (စဉ် - ၁၄၆၆၈)** **ဒေါ်ခင်သီတာမြင့်အောင်( LL.B ) (စဉ် - ၅၂၀၆၄)**
**ဒေါ်အိအိမော် (ခ) အိသဉ္ဇာအောင် ( LL.B ) (စဉ်-၁၈၇၂၆)** **အထက်တန်းရှေ့နေ**
**တရားလွှတ်တော်ရှေ့နေများ**
**ဗိုလ်မိုးညိုလမ်းသွယ် ၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊ သန်လျင်မြို့၊ ဖုန်း - ၀၉-၄၂၀၃၀၀၂၆၂**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ မြို့မတောင်ရပ်ကွက် ၊ အနန္တမေတ္တာလမ်း ၊ အကွက်အမှတ်(၁၁၊ မြို့မတောင်ကွက်)၊ မြေကွက်အမှတ် (၁၄၆)(၁၄၇) ဟုခေါ်တွင်သော ဧရိယာ ၀ ဒသမ ၀၇၉ဧက အကျယ်ရှိ သန်လျင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဂရန်အမှုတွဲ အမှတ်-RPNO-၀၈၁/V/(၂၀၂၂-၂၃)အရ ဒေါ်မေမြတ်မွန်ဦး အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကိုလက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်မေမြတ်မွန်ဦး (ဘ)ဦးမြင့်ဦး ၁၂/သလန(နိုင်)၀၇၉၆၃၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းထိုက်(ခ) ဂျိုးဇက်(ဘ)ဦးစိန်ဝင်း ၁၂/သလန(နိုင်)၀၈၉၈၂၉က ပြန်လည်ဝယ်ယူရန်အတွက်၎င်းအား စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့် ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးဇာနည် ( LL.B,D.B.L) (စဉ် - ၁၄၆၆၈)** **ဒေါ်ခင်သီတာမြင့်အောင်( LL.B ) (စဉ် - ၅၂၀၆၄)**
**ဒေါ်အိအိမော် (ခ) အိသဉ္ဇာအောင် ( LL.B ) (စဉ်-၁၈၇၂၆)** **အထက်တန်းရှေ့နေ**
**တရားလွှတ်တော်ရှေ့နေများ**
**ဗိုလ်မိုးညိုလမ်းသွယ် ၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊ သန်လျင်မြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၅၃၄/c)၊ သဒ္ဒါသုခလမ်း၊ (သဃ်န်းကျွန်းကြီး) ရပ်ကွက်၊ မြေကွက် အမှတ်(၂၃/A)၊ ပေ(၂၀x၆၀) အကျယ်ရှိမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီးလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟုဝန်ခံပြောဆိုသူဖြစ်သော ဦးကျော်ဆန်းလင်း ၈/စလန(နိုင်)၁၀၃၃၉၅မှ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေ ဦးဇော်ညီညီ ၈/မကန(နိုင်)၁၈၆၁၀၄ကလည်း အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထိကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သက်သက်မွန် တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၆၀၅/၂၀၁၅)** **ဦးသုထက်ကျော်လွင် အထက်တန်းရှေ့နေ (စဉ်-၄၉၅၀၂/၂၀၁၈)**
**တိုက်(၄)၊ အခန်း(၃၁)၊ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်ဘက်ခြမ်း)၊ (၈)မိုင်မီးပွိုင့်အနီး၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၉၅၅၃၄၇၅၃၊ ၇၅၀၃၉၈၄၀၆**

## တိုက်ခန်းဝယ်ယူပြီးဖြစ်ပါကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ အထက်ပုဇွန်တောင်လမ်း၊ အမှတ်(၁၈/A)၊ (ဝဲဘက်ခြမ်း)၊ (ဆဌမအလွှာ)တိုက်ခန်းနှင့်ယင်းတိုက်ခန်းပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟုဝန်ခံကတိပြုသူဖြစ်သော ဦးစိုးမိုးအောင် ၁၂/ပဇတ(နိုင်)၀၂၇၈၉၄ မှ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဦးစန်းမြင့် ၁၂/ဥကတ(နိုင်)၀၁၃၀၂၄ ကလည်း ၁၆-၈-၂၀၂၄ရက်က နှစ်ဦးသဘောတူတိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူ၍ လက်ရောက်ရယူပိုင်ဆိုင်ခဲ့ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေ ဦးစန်းမြင့်မှ လွဲပြီး မည်သူမျှလွှဲပြောင်းရောင်းချပိုင်ခွင့်မရှိပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုပိုပိုဇော်ဝင်း**
**အထက်တန်းရှေ့နေ(စဉ်-၅၄၈၃၅/၂၀၂၂)**
**တိုက်(၄)၊ အခန်း(၃၁)၊ မြို့ပြအိမ်ရာ(တောင်ဘက်ခြမ်း)၊ (၈)မိုင်မီးပွိုင့်အနီး၊**
**(၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၇၇၅၃၇၉၅၉၀**

## မြန်မာနိုင်ငံကြက်ခြေနီအသင်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံကြက်ခြေနီအသင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန် ချင်းပြည်နယ်၊ ဟားခါးမြို့တွင် ယာယီနေရပ်စွန့်ခွာပြည်သူများကို အစားအစာထုတ်ယူခွင့် လက်မှတ်(ဘောက်ချာ)ထောက်ပံ့ခြင်း (Voucher for Food) အစီအစဉ်လုပ်ငန်းများ ထောက်ပံ့ဆောင်ရွက်ရန်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများတွင် ဖြန့်ဝေရန် အမျိုးသားနှင့် အမျိုးသမီးတကိုယ်ရည်သုံးပစ္စည်းများ၊ ကလေးများအတွက် စိတ်ပိုင်းဆိုင်ရာပံ့ပိုးခြင်းအိတ်၊ စောင်နှင့် ဆေးစိမ်ခြင်ထောင်များကို ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါ သည်။

| | | | |
|---|---|---|---|
| ၂။ | **တင်ဒါပုံစံများ ထုတ်ယူရမည့် ရက်နှင့်အချိန်** | | - ၂-၉-၂၀၂၄ ရက်(ရုံးချိန်အတွင်း) |
| | **တင်ဒါပုံစံများ နောက်ဆုံး ထုတ်ယူရက်နှင့်အချိန်** | | - ၁၀-၉-၂၀၂၄ (ရုံးချိန်အတွင်း) |
| | **တင်ဒါပုံစံများနောက်ဆုံး တင်သွင်းရမည့်ရက်နှင့်အချိန်** | | - ၁၆-၉-၂၀၂၄ (ရုံးချိန်အတွင်း) |
| | **တင်ဒါပုံစံများ ထုတ်ယူရမည့်နေရာ** | (က) | မြန်မာနိုင်ငံကြက်ခြေနီအသင်း (ရန်ကုန်ရုံးခွဲ) အမှတ်-၄၂၊ ကမ်းနားလမ်း၊ ၄-လွှာ၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁-၈၃၉၂၈ ~ ၃၀ (လိုင်းခွဲ-၁၁၉) |
| | | (ခ) | ချင်းပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီ ပတသ-၃၅၃ (ခ)၊ ဇန်ကူလ်လမ်း၊ ပြည်တော်သာရပ်ကွက်၊ ဟားခါးမြို့၊ ချင်းပြည်နယ် ဖုန်း- ၀၉-၄၀၀၃ ၀၅ ၂၈၀ |

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် လုပ်ငန်းအသေးစိတ်အား သိရှိလိုပါက အထက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ**
**မြန်မာနိုင်ငံကြက်ခြေနီအသင်း**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်ကြယ်စင်အိမ်ရာ၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအဆင့်၊ ဇုန်(B)၊ တိုက်အမှတ်(B4)၊ အခန်းအမှတ် (1123)၊ Type (A)၊ Area (1261) sqft ရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား တိုက်ခန်းရောင်းချပိုင်ခွင့်ရှိသည် ဟု ဝန်ခံ ကတိပြုသူ မရင်အေး ၁၃/လလန(နိုင်) ၀၀၂၃၉၂ ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်တော်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးအောင်လှချစ်**
**၁၂/တမန(နိုင်)၀၄၉၂၉၈**
**ဖုန်း-၀၉-၅၀၀၅၀၅၈**

## ဖခင်အမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ မဲဇလီကုန်းမြို့၊အထက(မဲဇလီကုန်း) Grade-12မှ အောင်မြင်ခဲ့သော မောင်အောင်သက်ပိုင်နှင့် Grade-10မှ မောင်ကျော်ခန့်ပိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးသူရအောင်(ခ) ဦးအောင် ၁၄/အဂပ(နိုင်) ၀၀၀၇၄၇ ဖြစ်ပါကြောင်း။

**ဦးသူရအောင်(ခ)ဦးအောင်**

## မိခင်အမည်မှန်

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အထက(ရွှေကုက္ကို)Grade-10မှ နော်လားဖေါ၏ မိခင်အမည်မှန်မှာ ဒေါ်မူမူ ၃/မဝတ(နိုင်) ၀၄၆၀၉၈ ဖြစ်ပါကြောင်း။

**ဒေါ်မူမူ**

## မိခင်အမည်မှန်

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အထက(ရွှေကုက္ကို)Grade-10မှ မောင်မာန်ထူး၏ မိခင်အမည်မှန်မှာ ဒေါ်ဖြူဖြူစိန် ၇/ပခန(နိုင်)၁၉၀၄၄၀ ဖြစ်ပါကြောင်း။

**ဒေါ်ဖြူဖြူစိန်**

## မိခင်အမည်မှန်

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အထက(ရွှေကုက္ကို)Grade-10မှ မောင်အောင်သက်၏ မိခင်အမည်မှန်မှာ ဒေါ်ငြိမ်းငွေ ၁၀/ရမန(နိုင်) ၁၄၁၆၉၆ ဖြစ်ပါကြောင်း။

**ဒေါ်ငြိမ်းငွေ**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နှင်းဦးဝေ (ဘ)ဦးတင်မောင်ဦး ၁၂/သကတ (နိုင်) ၁၀၉၄၇၉သည် (ဦးနေမျိုးအောင်)၏ တရားဝင်ဇနီးမယားတစ်ယောက်ဖြစ်ပြီး ခင်ပွန်းသည်ဖြစ်သူ သေဆုံးပြီးနောက် ကျန်ရှိသော ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁၃)ရပ်ကွက်၊ သလ္လာဝတီ(၃)လမ်း၊ အမှတ်(၁၂၇၈/ က) နေအိမ်နှင့် အကျိုးခံစားခွင့်များမှာ ကျွန်ုပ်၏မိတ်ဆွေမှလွဲ၍ မည်သူတစ်ဦးတစ်ယောက်ထံတွင်မျှမရှိသလို မည်သူ့ကိုမျှလည်း ပေးကမ်း လွှဲပြောင်းထားခြင်းမရှိပါသောကြောင့် အဆိုပါနေအိမ်နှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေ သဘောဆန္ဒမပါဘဲ၊ မသိရှိပါဘဲ ငှားရမ်း၊ ပေးကမ်း၊ ပေါင်နှံ၊ ရောင်းဝယ်ခြင်းများ ပြုလုပ်ခွင့်မရှိပါကြောင်းနှင့် တစ်ဦးတစ်ယောက်သော်မျှ ပြုလုပ်ခဲ့သည်ရှိသော် တည်ဆဲ ဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

